မွန်လူထုအသံ

The Mon Forum

HUMAN RIGHTS NEWSLETTER

အတွဲ (၄)၊ အမှတ် (၄) သြဂုတ်လ ၁၅၊ ၂၀၁၆ — မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

ကျိုက်မရောဒေသခံများက ကျောက်မီးသွေးကို ဆန့်ကျင်ကန့်ကွက်သော လှုပ်ရှားမှု ပြုလုပ်

သြဂုတ် ၂၊ ၂၀၁၆

၂၀၁၆ ခုနှစ် ဇူလိုင်လ (၁၈) ရက်နေ့တွင် ပျားတောင်ဒေသဖွံ့ဖြိုးရေးအသင်းနှင့် ဒေသခံလူငယ်များ ပူးပေါင်းပြီး ကျောက်မီးသွေးစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ပတ်သက်၍ ပြည်သူများ ပိုမိုသတိထားလာမိစေရန် စတစ်ကာနှင့်၊ နံရံကပ်စာများ ဖြန့်ဝေခြင်း လှုပ်ရှားမှုတစ်ခု ပြုလုပ်ခဲ့သည်။ ▲ စာမျက်နှာ ၈ သို့

ဒွန်ဘာသာခြင့်သင်ကြားခည် ကလေးထိန်းကျောင်း မော်လမြိုင်တွင် ဖွင့်လှစ်

ဇွန် ၂၀၊ ၂၀၁၆

ဒေသခံတို့၏ ဘာသာစကားဖြစ်သော မွန်ဘာသာဖြင့် အဓိကသင်ကြားပေးမည့် 'မိ' အမည်ရှိ ကလေးထိန်းကျောင်းကို မွန်ပြည်နယ် မော်လမြိုင်မြို့ မြိုင်သာယာ ရပ်ကွက်တွင် ၂၀၁၆ ခုနှစ် ဇွန်လ (၁၆) ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

▲ စာမျက်နှာ ၂ သို့

ဓူးယမ်ဆေးဝါးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ မော်လမြိုင်တွင် ကျင်းပ

ဇွန် ၂၉၊ ၂၀၁၆

ကမ္ဘာ့မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတိုက် ဖျက်ရေးနေ့အခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင် မြို့ မြိုင်သာယာရပ်ကွက်ရှိ ပိုင်ခေတ် ခန်းမတွင် ၂၀၁၆ ခုနှစ် ဇွန်လ (၂၆) ရက် နေ့၌ နေ့လည် (၁) နာရီမှ ညနေ (၄) နာရီအထိ ကျင်းပပြုလုပ်ခဲ့သည်။ ▲ စာမျက်နှာ ၅ သို့

မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်းက မွန်ပြည်နယ်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအကြောင်းကို ဆန်းစစ်လေလာ

ဇူလိုင် ၃၀၊ ၂၀၁၆

မွန်ပြည်နယ်တွင် လတ်တလောဖြစ်ပေါ်နေသော ခေါင်းပုံဖြတ်မှုများနှင့် ချိုးဖောက်မှုများကို လျှော့ချရန်နှင့် အဆုံးသတ်ရန်အတွက် မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်းက မွန်ပြည်နယ်အတွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ၎င်းတို့၏ အကျိုးဆက်များအကြောင်းကို လေ့လာဆန်းစစ်ထားသော မွန်ပြည်နယ်အတွင်းရှိ 'နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆန်းစစ်ခြင်း' အမည်ရှိ အစီရင်ခံစာတစ်စောင်ကို ယနေ့ ဇူလိုင်လ (၃၀) ရက်နေ့တွင် ထုတ်ဝေခဲ့သည်။

▲ စာမျက်နှာ ၆ သို့

ရာဘာခြံပိုင်ရှင်များနှင့် တယ်လီနောကုမ္ပဏီအကြား ပဋိပက္ခဖြစ်ပွား — စာ-၄

အပြည်ပြည်ဆိုင်ရာကလေးလုပ်သား ပယျောက်ရေးနေ့ ရေးမြို့နယ်တွင် ကျင်းပ — စာ-၉

မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်းက ထုတ်ဝေသောမွန်ပြည်နယ်အတွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆန်းစစ်ခြင်း အစီရင်ခံစာ အကျဉ်းချုပ် — စာ-၁၀

ပြိန်ပ်မှုသ်သရာ — စာ-၁၄

မွန်ဘာသာဖြင့်သင်ကြားမည့် ကလေးထိန်းကျောင်းမော်လမြိုင် တွင်ဖွင့်လှစ်

ဇွန်၂၀၊၂၀၁၆

ဒေသခံတို့၏ ဘာသာစကားဖြစ်သော မွန်ဘာသာဖြင့် အဓိကသင်ကြားပေးမည့် 'မိ' အမည်ရှိ ကလေးထိန်းကျောင်းကို မွန်ပြည်နယ် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်တွင် ၂၀၁၆ ခုနှစ် ဇွန်လ (၁၆) ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

'မိ' ကလေးထိန်းကျောင်းသည် မူကြိုကျောင်းတစ်ခုဖြစ်ပြီး မွန်ဘာသာဖြင့် အဓိက သင်ကြားပေးမည့်အပြင် အင်္ဂလိပ်နှင့် မြန်မာဘာသာတို့ဖြင့်လည်း တွဲဖက်သင်ကြားသွားမည်ဖြစ်သည်။ 'မိ' ကလေးထိန်းကျောင်းသည် မော်လမြိုင်မြို့တွင် မွန်ဘာသာဖြင့် အဓိက သင်ကြားသော ပထမဆုံးမူကြို ကျောင်း ဖြစ်သည်။

'ဒီကလေးထိန်းကျောင်းဖွင့်ရတဲ့ ရည်ရွယ်ချက်ကတော့ မွန်ကလေးတွေက သူတို့ရဲ့မိခင်ဘာသာစကားဖြစ်တဲ့ မွန်ဘာသာစကားကို အဓိက အသုံးပြုသွားနိုင်ဖို့ပါပဲ။ ကလေးတွေအနေနဲ့ နောက်ထပ် ဘာသာစကားတစ်ခု ထပ်သင်ဖို့ မလိုအပ်ပါဘူး။ ဒီကလေးထိန်းကျောင်းမှာ ကလေးတွေအနေနဲ့သူတို့အဓိက ပြောဆိုနေတဲ့ မွန်ဘာသာစကားကိုအသုံးပြုပြီး သင်ယူလေ့လာမှုတွေ ပြုလုပ်သွားနိုင်မှာ ဖြစ်ပါတယ်'ဟု အဆိုပါ ကလေးထိန်းကျောင်းကို စတင်တည်ထောင်သူဖြစ်သည့် မိချယ်ရီစိုးက ပြောပါသည်။

'မိ' ကလေးထိန်းကျောင်းသည် ပုဂ္ဂလိကမူကြိုကျောင်းတစ်ခုဖြစ်ပြီး မွန်ကျောင်းဆရာမများနှင့် မွန်အဖွဲ့အစည်းများမှ ကော်မတီဝင်များက စုပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

''မိ' ကလေးထိန်းကျောင်းဟာ မွန်လူမျိုးတွေအတွက် ကောင်းမွန်တဲ့ အခြေခံအုတ်မြစ် ဖြစ်တယ်ဆိုပြီးတော့ ကျောင်းအတွက်လာလှူတဲ့ မွန်သူဌေးတွေလည်း ရှိပါတယ်။ ကျောင်းက(သင်ကြားမှု)ပုံစံအသစ်ဖြစ်တဲ့အပြင် အခုမှ စဖွင့်တာဆိုတော့ အဆင်ပြေပြေနဲ့ ဆက်သွားနိုင်မလားဆိုတာ စောင့်ကြည့်ရမယ်။ နောက်ပိုင်းမှ အလှူငွေတွေကို လက်ခံသင့်။ မခံသင့် စဉ်းစားမယ်' ဟု မိချယ်ရီစိုးက ဆက်ပြောပါသည်။

'မိ' ကလေးထိန်းကျောင်း အနေဖြင့် အသက် (၃) နှစ်မှ (၅) နှစ်အကြားရှိ ကလေးငယ်အယောက် (၃၀) ကို လက်ခံနိုင်ရန်စီစဉ်ထားပြီး အခကြေးငွေအနေဖြင့် ကျောင်းဝတ်စုံနှင့် အစားအသောက်ဖိုးသာ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

'မိ' ကလေးထိန်းကျောင်း အနေဖြင့် မွန်ဘာသာ သင်ရိုးညွှန်းတမ်းများ ပိုမိုကောင်းမွန်လာစေရန် စဉ်ဆက်မပြတ် ဆက်လက်လုပ်နေလျက်ရှိပြီး အင်္ဂလိပ်နှင့် မြန်မာဘာသာများဖြင့် အလွယ်တကူသင် ယူလေ့လာနိုင်ရန် သင်ရိုးညွှန်းတမ်းများနှင့် သင်ထောက်ကူပစ္စည်းများကို ထားရှိထားကြောင်းလည်း သိရသည်။

ရေးမြို့နယ်တွင် အသက် (၉) နှစ်အရွယ် ကလေးငယ်တစ်ဦး အဓမ္မပြုကျင့်ခံရ

ဇွန် ၁၇၊ ၂၀၁၆

၂၀၁၆ ခုနှစ် ဇွန်လ (၁၇) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် ။။။။ ကျေးရွာတွင် အသက် (၂၄) နှစ်အရွယ်ရှိ လူငယ်တစ်ဦးက အသက် (၉) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို အဓမ္မပြုကျင့်ခဲ့ကြောင်း သိရသည်။

ဒေသခံတစ်ဦး၏ ပြောကြားချက်အရ ။။။။ ကျေးရွာ အမှတ် (။။။။) ရပ်ကွက်နေ အသက် (၂၄) အရွယ်ရှိ မောင် ။။။။။။။။ က ရွာနှင့် (၃) မိုင်ခန့် ကွာဝေးသော ရာဘာခြံတွင် စနေနေ့ ညနေ (၃) နာရီအချိန်၌ မိန်းကလေးငယ်ကို အဓမ္မပြုကျင့်ခဲ့ခြင်း ဖြစ်သည်။ မိန်းကလေးငယ်ကို အဓမ္မပြုကျင့်ပြီးနောက် ခြိမ်းခြောက်ခဲ့သည့်အပြင် အဆိုပါကလေးငယ် မေ့မြောနေစဉ်တွင်လည်း စွန့်ပစ်ထားခဲ့သည်။

ကြုံတွေ့ခဲ့သော အဖြစ်အပျက်များကို မိဘများအား ပြန်လည်ပြောပြပါက ၎င်းက ပြန်လာပြီး သတ်ပစ်မည်ဖြစ်ကြောင်း ကျူးလွန်သူက မိန်းကလေးငယ်ကို ခြိမ်းခြောက်ခဲ့သည်။ နာရီအနည်းငယ်ကြာ သတိမေ့မြောပြီးနောက် သတိပြန်လည်လာသော မိန်းကလေးငယ်သည် ကျေးရွာသို့ ပြန်ရောက်ရန် (၃) မိုင်ခန့် လမ်းလျှောက်ခဲ့ရသည်။ လိင်အင်္ဂါတွင် သွေးထွက်နေသည့်အပြင် ဒဏ်ရာများလည်း ရရှိထားခြင်းကြောင့် မိန်းကလေးငယ်၏ မိခင်က ၎င်းအား ဆေးရုံသို့ ခေါ်ဆောင်သွားခဲ့သည်။

စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ရေးပြည်သူ့ဆေးရုံမှ ဆရာဝန်က အဓမ္မပြုကျင့်မှုခံခဲ့ရခြင်းဖြစ်ကြောင်း အတည်ပြုခဲ့သည်။

မိန်းကလေးငယ်သည် အခြေခံပညာ တတိယတန်းတွင် ပညာသင်ကြားနေသူတစ်ဦးဖြစ်ပြီး ယခုအချိန်တွင် ရရှိထားသော ဒဏ်ရာများကြောင့် ကျောင်းခေတ္တရပ်နားထားရသည်။ မွန်အမျိုးသမီးများကွန်ရက်မှ မြို့နယ်ဥက္ကဋ္ဌဖြစ်သူ မတင်ဝင်းက 'ဒဏ်ရာတွေက အတော်များတော့ ကုသမှုတွေ အများကြီးလုပ်ရဦးမယ်။ ဆေးရုံကဆင်းလာပြီဆိုပေမယ့် အိမ်မှာ အနားယူရဦးမယ်။ လောလောဆယ်တော့ ကျောင်းနားထားရတယ်။ ရဲတွေကလည်း အမှုကို စုံစမ်းနေတယ်၊ တစ်လလောက်တော့ကြာမယ် ပြောတယ်'ဟု ပြောပါသည်။

အခင်းဖြစ်ပွားပြီးနောက် မိန်းကလေးငယ်၏မိခင်က ကျူးလွန်မှုကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ အကြောင်းကြားခဲ့ပြီး ထိုမှတဆင့် ရေးမြို့ ပြည်သူ့ရဲစခန်းသို့ တိုင်ကြားခဲ့သည်။ ဇွန်လ (၁၂) ရက်နေ့တွင် ကျူးလွန်သူကို ပြည်သူ့ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၇၆) ဖြင့်အမှုဖွင့်ခဲ့သည်။

အမှုကို ရေးမြို့ပြည်သူ့ရဲစခန်းမှ စခန်းမှူးမင်းဆွေက တာဝန်ယူကိုင်တွယ်လျက်ရှိကာ ကျူးလွန်သူကို စခန်းတွင် ထိန်းသိမ်းထားပြီး မကြာမီ မော်လမြိုင်သို့ ပြောင်းရွှေ့ပို့ဆောင်မည်ဟု သိရသည်။

ကျူးလွန်ခံရသော မိန်းကလေးငယ်၏ မိသားစုကို မွန်အမျိုးသမီးကွန်ရက်က သွားရောက်တွေ့ဆုံပြီး နှစ်သိမ့်ဆွေးနွေးကာ ထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။ ဇွန်လ (၁၃) ရက်နေ့တွင်လည်း ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံအမျိုးသမီးအဖွဲ့များနှင့် ရွာသူ၊ ရွာသားများထံသို့ သွားရောက်တွေ့ဆုံပြီး နစ်နာသူအတွက် တရားမျှတမှု ပြန်လည်ရရှိရန်အတွက် ဝိုင်းဝန်းကူညီကြပါရန် မေတ္တာရပ်ခံခဲ့သည်။

'အဓမ္မပြုကျင့်မှုနဲ့ပတ်သက်ပြီး အကူအညီပေးနေတဲ့ ဆေးကုသမှုအဖွဲ့တစ်ဖွဲ့နဲ့ ကျွန်မတို့ ချိတ်ဆက်ပေးခဲ့တယ်။ ရွာအုပ်ချုပ်ရေးမှူးနဲ့ ရဲစခန်းဆီကိုလည်း သွားပြီးတော့ အမှုမှန်ပေါ်ပေါက်ဖို့လုပ်ခဲ့တယ်။ နစ်နာသူတွေကိုလည်း နှစ်သိမ့်ဆွေးနွေးခဲ့တယ်။ တရားမျှတမှုမရှိတာ၊ တရားဥပဒေစိုးမိုးမှုမရှိတာနဲ့ ကျူးလွန်သူကို ထိထိရောက်ရောက် အပြစ်မပေးနိုင်တာတွေကြောင့် ကျွန်မတို့ဝန်းကျင်မှာ၊ အဓမ္မပြုကျင့်မှုတွေ အထူးသဖြင့်သက်ငယ်မုဒိမ်းမှုတွေ ပိုများလာတယ်လို့ ကျွန်မထင်တယ်။ တိကျတဲ့ဥပဒေနဲ့ ပြင်းပြင်းထန်ထန်အပြစ်ပေးဖို့ ကျွန်မတောင်းဆိုပါတယ် ဒါကြောင့်မို့ အခုအသစ်ရေးဆွဲနေတဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆန့်ကျင်ရေးဥပဒေကို မြန် မြန်အတည်ပြုဖို့ တိုက်တွန်းနေရတာပဲ' ဟု မွန်အမျိုးသမီး ကွန်ရက်မှ အမှုဆောင် ကော်မတီဝင်တစ်ဦးဖြစ်သူ မိစောတဇော်က ပြောပါသည်။

လွန်ခဲ့သော သီတင်းတပတ်ကလည်း အဆိုပါကျေးရွာမှ အသက် (၅) နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး ပျောက်ဆုံးခဲ့သည့်အပြင် လွန်ခဲ့သော (၂) လခန့်ကလည်း ကလေးငယ်တစ်ဦး ပျောက်ဆုံးခဲ့ဖူးသည်။ ၎င်းရွာမှ အသက် (၁၇) အရွယ် မိန်းကလေးတစ်ဦးလည်း အဓမ္မပြုကျင့်ခြင်း ခံခဲ့ရသည်။ ပြဿနာများကို ဖြေရှင်းရန်နှင့် ပြစ်မှုများကို စုံစမ်းစစ်ဆေးရန် မည်သူတစ်ဦးတစ်ယောက်မျှ ထိထိရောက်ရောက် ဆောင်ရွက်ခဲ့ခြင်း မရှိချေ။

> "တရားမျှတမှုမရှိတာ
> တရားဥပဒေစိုးမိုးမှု
> မရှိတာနဲ့၊ ကျူးလွန်သူကို
> ထိထိရောက်ရောက်
> အပြစ်မပေးနိုင်တာတွေကြောင့်
> ကျွန်မတို့ ဝန်းကျင်မှာ
> အဓမ္မပြုကျင့်မှုတွေ အထူးသဖြင့်
> သက်ငယ်မုဒိမ်းမှုတွေ
> ပိုများလာတယ်လို့ ကျွန်မထင်တယ်။
> တိကျတဲ့ဥပဒေနဲ့ ပြင်းပြင်း
> ထန်ထန်အပြစ်ပေးဖို့ ကျွန်မတောင်း
> ဆိုပါတယ် ဒါကြောင့်မို့
> အခုအသစ်ရေးဆွဲ နေတဲ့
> အမျိုးသမီးများအပေါ် အကြမ်းဖက်မှု
> ဆန့်ကျင်ရေးဥပဒေကို
> မြန်မြန်အတည်ပြုဖို့
> တိုက်တွန်းနေရတာပဲ"

ရာဘာခြံပိုင်ရှင်များနှင့် တယ်လီနောကုမ္ပဏီအကြား ပဋိပက္ခဖြစ်ပွား

ဇူလိုင် ၂၇၊ ၂၀၁၆

လွန်ခဲ့သော (၃) ပတ်အတွင်း မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဘုရားသုံးဆူ ကားလမ်းဘေးရှိ ရဲတံခွန်နှင့် ဇီးနှစ်ပင်ကျေးရွာများအနီးရှိ ရာဘာခြံများတွင် တယ်လီနော ဆက်သွယ်ရေးကုမ္ပဏီက တယ်လီဖုန်း ဆက်သွယ်ရေးကြိုးများ မြှုပ်နှံရန်အတွက် မြေတူးဖော်မှုများ ပြုလုပ်ခဲ့ရာ ဒေသခံ ရာဘာ ခြံပိုင်ရှင်များနှင့် ပြဿနာဖြစ်ပွားခဲ့သည်။

အဆိုပါပြဿနာမှာ ဆက်လက် ဖြစ်ပွားနေဆဲဖြစ်ပြီး သတင်းရယူနေသည့် အချိန်အထိ ဖြေရှင်းမှုတစ်စုံတရာ မတွေ့ရှိ ရသေးချေ။

ရဲတံခွန်ကျေးရွာသည် ဇီးနှစ်ပင် ကျေးရွာနှင့် (၈) မိုင်ခန့် ကွာဝေးပြီး တယ်လီနောကုမ္ပဏီက ဆက်သွယ်ရေးကြိုး များမြှုပ်နှံရန် အဆိုပါကျေးရွာ (၂) ရွာကြားရှိ ရာဘာခြံများတွင် မြေတူးဖော်မှု ပြုလုပ်နေ ခြင်းဖြစ်သည်။ အဆိုပါ တူးဖော်မှုကြောင့် ဒေသခံခြံပိုင်ရှင်များက စိတ်မချမ်းမသာ ဖြစ် လျက်ရှိပြီး တူးဖော်မှုကိုလည်း ကန့်ကွက် နေကြသည်။

အဆိုပါပဋိပက္ခကို ဖြေရှင်းရန် ကြိုးစားနေသူ မွန်ပြည်သစ်ပါတီက နိုင်ကွက်သာက '(ဆက်သွယ်ရေး)ကြိုးက ခြံတွေထဲကို တော်တော်လေး ရောက်နေ တယ်။ အစိုးရဥပဒေအရတော့ ဒီဘုရားသုံးဆူ လမ်းမှာဆိုရင် ကုမ္ပဏီက (လမ်းတစ်ဖက် တစ်ချက်) ပေ (၁၀၀) ပဲ သုံးခွင့်ရှိတယ်။ အခု ကုမ္ပဏီက ပေ (၂၃၀) လောက် သုံးထားတယ်။ ဒါကြောင့် ရာဘာခြံရှင်တွေနဲ့ ပြဿနာဖြစ်တာ။ ပေ (၁၀၀) ကိုကျော်လာ ရင် သူတို့ရာဘာပင်တွေကို လာထိတယ် လေ။ ခြံရှင်တွေက လျော်ကြေးလိုချင်နေ တယ်' ဟု ပြောကြားခဲ့သည်။

'ပြဿနာကို ဖြေရှင်းပေးဖို့ ကုမ္ပဏီ က ကျွန်တော်တို့ကို လာပြောတယ်။ ခြံရှင် တွေကတော့ လျော်ကြေးလိုချင်ကြတယ်။ ဘာလို့လဲဆိုတော့ ကုမ္ပဏီက မြေတူးလိုက် တော့ သူတို့ရဲ့ရာဘာပင်တွေ ပျက်စီးကုန် တယ်။ ကုမ္ပဏီကတော့ (ဒေသ)ဖွံ့ဖြိုး အတွက် လုပ်တာဆိုပြီး လျော်ကြေးမပေးချင် ဘူး။ ပြီးတော့ ကားလမ်းဘေးမှာဖြစ်နေတာ ဆိုတော့ သူတို့နဲ့မဆိုင်ဘဲ ဆောက်လုပ်ရေး ကုမ္ပဏီနဲ့ပဲ ဆိုင်တယ်ဆိုပြီး လျော်ကြေးမပေး ဘူး' ဟု ၎င်းက ဆက်ပြောပါသည်။

ကုမ္ပဏီအနေဖြင့် ဘုရားသုံးဆူ ကားလမ်းတစ်ဖက်တစ်ချက် ပေ (၁၀၀) အတွင်းရှိ မြေများကိုသာ အသုံးပြုခဲ့သည်ဟု ပြောဆိုထားသည်။ ဆောက်လုပ်ရေးဝန်ကြီး ဌာနက ဘုရားသုံးဆူကားလမ်းကို ၂၀၁၄ ခုနှစ်တွင် ပေ (၂၃၀) အထိ တိုးချဲ့ဖောက်လုပ် ခဲ့သည်။

'ရဲတံခွန်ရွာက ရာဘာခြံပိုင်ရှင် တွေကတော့ တယ်လီနောကုမ္ပဏီကြောင့် ဒုက္ခရောက်နေရတယ်။ ခြံရှင်တွေက လျော်ကြေးလိုချင်တယ်။ ကုမ္ပဏီက လျော်ကြေးမပေးနိုင်ဘူး ပြောတယ်။ အခုတော့ အမှုက သံဖြူဇရပ်မြို့နယ်အဆင့် အထိ ရောက်ကုန်ပြီ။ စုံစမ်းစစ်ဆေးနေတုန်း ပဲ။ ဘယ်လိုဆုံးဖြတ်မလဲဆိုတာတော့ မသိရ သေးဘူး။ ရာဘာခြံထဲမှာ ဆက်သွယ်ရေး ကြိုးတွေ လာမြှုပ်ထားတာတော့ အမှန်ပဲ။ ဆောက်လုပ်ရေးကုမ္ပဏီတွေ လာလုပ်နေ တုန်းကလည်း သူတို့ဘာလုပ်တယ်ဆိုတာ ဘယ်တုန်းကမှ ကြိုမပြောဘူး။ အခုလည်း တယ်လီနောကုမ္ပဏီက မြေလာတူးတော့ အကုန်လုံးပြဿနာတွေ ဖြစ်ကုန်တာပဲ'ဟု အဆိုပါကိစ္စကို ဖြေရှင်းပေးနိုင်ရန် နောက်ထပ် ကြိုးစားနေသူတစ်ဦးဖြစ်သူ နိုင်ကျဲမွန်အောင် က ပြောပါသည်။

၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော လမ်းပန်းဆက်သွယ်ရေးဥပဒေအရ (နိုင်ငံ တကာ)အဝေးပြေးလမ်းဖြစ်ပါက လမ်း တစ်ဖက်တစ်ချက် ပေ (၄၀၀)၊ အထူးဖောက် လုပ်ထားသောလမ်းဖြစ်ပါက ပေ(၃၀၀)၊ အပြည်ပြည်ဆိုင်ရာလမ်းဖြစ်ပါက ပေ (၃၂၀)အတွင်းရှိ မြေနေရာကို လမ်းတံတား ဌာနက ပိုင်ဆိုင်သည်။ ပြည်ထောင်စုလမ်းမ ကြီး၊ ပြည်နယ်တိုင်းလမ်းမကြီးနှင့် ခရိုင်မြို့နယ် လမ်းမကြီးဖြစ်ပါက ပေ (၁၅၀)၊ ကျေးရွာ လမ်းမဖြစ်ပါက ပေ (၁၀၀)အတွင်းရှိ မြေ နေရာကို လမ်းတံတားဌာနက ပိုင်ဆိုင်သည်။

ကုမ္ပဏီအနေဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်မရဘဲ မြေတူးဖော်မှု ပြုလုပ်ခဲ့မည်ဆိုပါက ဥပဒေကို ချိုးဖောက်ရာ ရောက်မည်ဖြစ်သည်။

မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ မော်လမြိုင်ထွင် ကျင်းပ

▲ စာမျက်နှာ – ၁ မှ အဆက်

ဇွန် ၂၉၊ ၂၀၁၆

ကမ္ဘာ့မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မွန်ပြည်နယ် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်ရှိ ပိုင်ခေတ်ခန်းမတွင် ၂၀၁၆ ခုနှစ် ဇွန်လ (၂၆) ရက်နေ့၌ နေ့လည် (၁) နာရီမှ ညနေ (၄) နာရီအထိ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားကို တိုးတက်သောမွန်လူငယ်များအစည်းအရုံး၊ မွန်လူငယ်ပညာပေးရေးအဖွဲ့၊ ဂီတမွန်၊ မော်လမြိုင်တက္ကသိုလ်ကျောင်းသားသမဂ္ဂ၊ မော်လမြိုင်နည်းပညာတက္ကသိုလ်ကျောင်းသားသမဂ္ဂ၊ ကျိုက်မရော၊ ချောင်းဆုံနှင့် မုဒုံမြို့နယ်များမှ မွန်လူငယ်အဖွဲ့များ အပါအဝင် မွန်ပြည်နယ် ဒေသအသီးသီးမှ မွန်လူငယ်အဖွဲ့များက စုပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ လူပေါင်း (၂၄၀) ကျော် တက်ရောက်ခဲ့ပြီး တက်ရောက်သူများတွင် လွတ်တော်ကိုယ်စားလှယ်များ အစိုးရဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ စာနယ်ဇင်းအဖွဲ့များနှင့် လူငယ်အဖွဲ့များလည်း ပါဝင်ခဲ့သည်။

မွန်ပြည်နယ်လွတ်တော်ကိုယ်စားလှယ် ဦးထွန်းလင်းအောင်၏ အဖွင့်အမှာစကားတွင် မူးယစ်ဆေးဝါးပြဿနာသည် မျှော်လင့်ထားသည်ထက် ပိုမိုဆိုးရွားနေကြောင်း၊ တရားဥပဒေစိုးမိုးမှု မရှိခြင်းနှင့် တရားဥပဒေအတိုင်း မကျင့်သုံးနိုင်ခြင်းတို့ကြောင့် မူးယစ်ဆေးပြဿနာများ ကိုင်တွယ်ထိန်းချုပ်ရာတွင် အားနည်းချက်များရှိနေကြောင်း၊ အစိုးရနှင့် လုံခြုံရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရုံသာမက လူငယ်အဖွဲ့အစည်းများကပါ ပါဝင်ပူးပေါင်းပါမှ မူးယစ်ဆေးပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

မွန်ပြည်သစ်ပါတီမှ နိုင်ကောင်းထောဂျစ်ကလည်း မူးယစ်ဆေးဝါးတိုက်ဖျက်သည့်နည်းလမ်းများနှင့် မွန်ပြည်သစ်ပါတီ၏ မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေးအကြောင်းများကို ရှင်းလင်းပြောပြခဲ့သည်။

မွန်ပြည်သစ်ပါတီအနေဖြင့် သတ်မှတ်နယ်မြေအတွင်းသာ လှုပ်ရှားနိုင်သဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရာတွင် လွတ်လပ်စွာ မဆောင်ရွက်နိုင်ဘဲ အခက်အခဲများ ရှိနေကြောင်း၊ သက်ဆိုင်ရာနယ်မြေအတွင်းရှိ အာဏာပိုင်များအားလုံး မူးယစ်ဆေးဝါးကို တိုက်ဖျက်ရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ရောင်းဝယ်သူများကို ဖမ်းဆီးရမည်ဖြစ်ကြောင်း၊ လူငယ်များ၊ မိဘများနှင့် လူမှုအသိုင်းအဝိုင်းများအကြားတွင် မူးယစ်ဆေးပြဿနာကို သတိပြုမိစေရန် နှိုးဆော်ရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရန်အတွက် မွန်ပြည်သစ်ပါတီအနေဖြင့် အစိုးရနှင့် ပြည်သူ့ရဲတပ်ဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ၎င်းကပြောပါသည်။

အဆိုပါအခမ်းအနားတွင် လူငယ်နှင့်အမျိုးသမီးများအပေါ် မူးယစ်ဆေးဝါး၏ ဆိုးကျိုးသက်ရောက်ပုံကိုလည်း ဆွေးနွေးပြောဆိုခဲ့ကြသည်။

လူငယ်များ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ ယခုခေတ်လူငယ်များမှ ဘောလုံးကစားခြင်းနှင့် စကိတ်စီးခြင်းကဲ့သို့သော အားကစားနည်းများကို လေ့လာလိုက်စားခြင်း မရှိကြောင်း၊ အားလပ်ချိန်များကို မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့်သာကုန်လွန်စေကြောင်း မူးယစ်ဆေးသုံးစွဲသူများကွန်ရက်မှ စိုင်းအောင်ခန့်က ပါဝင်ဆွေးနွေးခဲ့ပါသည်။ ဘောလုံးကွင်းများ၊ စကိတ်ကွင်းများနှင့် အားကစားခန်းမများ တည်ဆောက်ပြီး ကျေးရွာများတွင် အားကစားနှင့်လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် ဖန်တီးပေးသင့်ကြောင်း ၎င်းက ဆိုပါသည်။

ဒေသခံမွန်တီးဝိုင်းအဖွဲ့တစ်ဖွဲ့က တက်ရောက်လာသူများအား အသိပညာရရှိစေရန် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အခမ်းအနားကို ညနေ (၄) နာရီတွင် အဆုံးသတ်ခဲ့သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်ပြည်နယ်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အကြောင်းကို ဆန်းစစ်လေ့လာ

▲ စာမျက်နှာ – ၁ မှ အဆက်

ဇူလိုင် ၃၀၊ ၂၀၁၆

မွန်ပြည်နယ်တွင် လတ်တလော ဖြစ်ပေါ်နေသော ခေါင်းပုံဖြတ်မှုများနှင့် ချိုးဖောက်မှုများကို လျှော့ချရန်နှင့် အဆုံးသတ်ရန်အတွက် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်ပြည်နယ်အတွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ၎င်းတို့၏ အကျိုးဆက်များအကြောင်းကိုလေ့လာဆန်းစစ်ထားသော 'မွန်ပြည်နယ်အတွင်းရှိနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ဆန်းစစ်ခြင်း' အမည်ရှိ အစီရင်ခံစာတစ်စောင်ကို ယနေ့ ဇူလိုင်လ (၃၀) ရက်နေ့တွင် ထုတ်ဝေခဲ့သည်။

ဒေသခံ ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများက မည်သို့လွှမ်းမိုးပြီး ပြောင်းလဲစေခဲ့ပုံ၊ စိုက်ပျိုးရေးကဏ္ဍတွင်သာမက ပြည်သူလူထုများ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် နေထိုင်မှုပုံစံများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများက မည်သို့ ပြောင်းလဲစေခဲ့ပုံတို့ကို သိရှိနားလည်နိုင်ရန် အစီရင်ခံစာက ကွဲပြားခြားနားသော ကဏ္ဍများ၊ နည်းလမ်းများဖြင့် ရှင်းလင်းတင်ပြထားသည်။

အစီရင်ခံစာတွင်ပါရှိသော အချက်အလက်များကို ကောက်ခံစုဆောင်းခြင်းနှင့် သုတေသနပြုလုပ်ခြင်းများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ (၆) လအတွင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် နယ်သတင်းထောက် (၄) ဦးကို အသုံးပြုခဲ့ပြီး ကျိုက်မရောနှင့် ရေးမြို့နယ်များတွင် အဓိကထား လေ့လာခဲ့သည်။ ၎င်းမြို့နယ်များသို့ (၆) လအတွင်း (၁၅) ကြိမ် သွားရောက်ပြီး အချက်အလက်များ ရယူစုဆောင်းခဲ့သည်။

မော်လမြိုင်၊ ကျိုက်ထိုနှင့်ပေါင်မြို့နယ်များတွင်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သောသတင်း အချက်အလက်များ၊ သက်သေခံများနှင့် အကျိုးသက်ရောက်မှုများကို လေ့လာမှတ်တမ်းတင်ခဲ့သည်။ ၎င်းမြို့နယ်များအတွင်းရှိ တိုင်းရင်းသားပြည်သူများမှာ အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် အခွင့်အရေးအမြောက်အမြား ဆုံးရှုံးနေကြရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကြောင့် မွန်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအကြားတွင် မတည်ငြိမ်မှုနှင့် မလုံခြုံမှုများစွာကို ဖြစ်ပေါ်နေကြောင်း၊ စီမံကိန်းသစ်များ အထူးသဖြင့် ကျောက်မီးသွေးနှင့်ပတ်သက်သောစီမံကိန်းများနှင့်ပတ်သက်၍ ဒေသခံပြည်သူများက စိုးရိမ်ပူပန်နေကြရကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ကြိုဆိုနေသည်မှာ သိသာထင်ရှားနေသော်လည်း ၎င်းတို့အတွက် စိတ်သက်သာမှု အပြည့်အဝရရန်နှင့် ဆုံးရှုံးမှုများ မဖြစ်ပေါ်ရန် လိုအပ်လှကြောင်း အစီရင်ခံစာက ဆိုပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအကြောင်းကို ပြည်သူများ ပိုမိုသတိပြုနားလည်လာစေရန်နှင့် ဒေသခံပြည်သူများ၏ အသက်မွေးမှုကို ကာကွယ်ပေးသော ခေါင်းပုံဖြတ်အမြတ်ထုတ်မှုကို တားဆီးပေးသော ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ်ကို မိဘပြည်သူများ ရရှိစေရန် ဤအစီရင်ခံစာက ရည်ရွယ်ပါသည်။

'ကျွန်တော်တို့အနေနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို လိုအပ်ပါတယ်။ ဒါပေမယ့် ရေရှည်အကျိုးရှိမယ့်၊ သဘာဝပတ်ဝန်းကျင်၊ လူမှုဝန်းကျင်နဲ့ ကျွန်တော်တို့ ပြည်သူတွေအပေါ် အမှန်တကယ် တာဝန်ခံ တာဝန်ယူမယ့် ကျင့်ဝတ်သိက္ခာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကိုပဲ လိုချင်တယ်။ ကွင်းဆင်းသုတေသနတွေကို လေ့လာကြည့်လိုက်တော့ ကောင်းကျိုးတွေကနည်းပြီး နောက်ဆက်တွဲဆိုးကျိုးတွေကများနေတယ်။ ရင်းနှီးမြှုပ်နှံသူတွေက ကျွန်တော်တို့ပြည်သူတွေရဲ့ အခွင့်အရေးကို မလေးစားဘူး၊ ရင်းနှီးမြှုပ်နှံမှုရဲ့ အကျိုးကျေးဇူးကို လူတိုင်း မခံစားရဘူး၊ အများစုက အခက်အခဲတွေ အများကြီးကြုံနေရတယ်။ အဲတော့ ကျွန်တော်တို့ရဲ့ တွေ့ရှိချက်တွေကို အများပြည်သူလည်း သိအောင်လို့ ဒီလိုမျှဝေရတာ ဖြစ်တယ်။ ဒီရင်းနှီးမြှုပ်နှံမှုရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကို သိပြီဆိုတော့ ဒီဆိုးကျိုးတွေအတွက် အဖြေရှာတဲ့နေရာမှာ အကူအညီဖြစ်အောင်ဆိုပြီးဒီအစီရင်ခံစာကို ပြုစုခဲ့တာ။ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတွေက နေရော အစိုးရဆီကနေပါ တာဝန်ခံ တာဝန်ယူမှုတွေ အတိုင်းအတာတစ်ခုအထိ ရရှိဖို့ ကျွန်တော်တို့ မျှော်လင့်ထားပါတယ်' ဟု မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ Program Director နိုင်အဲမွန်က ပြောပါသည်။

ဤအစီရင်ခံစာပါ အကြောင်းအရာ အချက်အလက်များကြောင့်လည်းကောင်း၊ ပြည်သူတို့ရွေးကောက်တင်မြှောက်သော အစိုးရအာဏာရလာခြင်းကြောင့်လည်းကောင်း ချိုးဖောက်မှုများနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများ တဖြည်းဖြည်း လျော့နည်းလာမည်ဟု ယုံကြည်ပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တင်ပြထားပါသည်။

▲ စာမျက်နှာ ၇ သို့

အကျင့်ပျက်အုပ်ချုပ်ရေးမှူးကြောင့် မြေယာအငြင်းပွားမှုဖြစ်

ဇူလိုင် ၁၁၊ ၂၀၁၆

တနင်္သာရီတိုင်း ရေဖြူမြို့နယ် ဖောင်တောကျေးရွာအုပ်စု ကောင်းမှုကျေးရွာမှ ရွာသူ၊ ရွာသားအများစုသည် ကျေးရွာ အုပ်ချုပ်ရေးမှူး၏ အကျင့်ပျက်ခြစားမှုကြောင့် ၎င်းတို့၏ မြေယာများကို ၂၀၁၃ ခုနှစ်ကတည်းက လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ အဆိုပါမြေယာများကို တစ်ရွာတည်းသားဖြစ်သူ ကိုထိန်ဝင်းက အုပ်ချုပ်ရေးမှူး၏ မလျော်ညြဇာကို အသုံးပြုကာ သိမ်းယူခဲ့ခြင်းဖြစ်သည်။

မြေယာ ဆုံးရှုံးခဲ့သူများမှာ ဦးတင်ရွှေ၊ ဦးမြင့်သိန်း၊ ဒေါ်အေးမာနှင့် ကိုလှမျိုးတို့ ဖြစ်ကြသည်။

၂၀၁၃ ခုနှစ်တွင် ကောင်းမှုကျေးရွာ၏ အုပ်ချုပ်ရေးမှူးမှာ ဦးခင်မောင်မြင့်ဖြစ်သည်။ ၎င်းတာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတွင်း အကျင့်ပျက်ခြစားမှုများကို ကျူးလွန်ခဲ့ကြောင်း ရွာသူ၊ ရွာသားများက ပြောပါသည်။ ၎င်းက ငွေကြေးတတ်နိုင်သူများနှင့် ပူးပေါင်းကာ ဆင်းရဲသော ရွာသူ၊ရွာသားများ၏ မြေယာများကို သိမ်းယူခဲ့သည်။

ကိုထိန်ဝင်းက အကျင့်ပျက် အုပ်ချုပ်ရေးမှူးနှင့် ပူးပေါင်းကာ ရွာသူ၊ ရွာသားများ၏ မြေယာများကို ၎င်း၏ ကိုယ်ကျိုးအတွက် သိမ်းယူခဲ့သည်။ ကိုထိန်ဝင်းသည် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ခဲ့သူဖြစ်ပြီး ငွေကြေးချမ်းသာသူဖြစ်ကြောင်း ရွာသားများက ပြောပါသည်။ မြေယာများကို လျော်ကြေးငွေတစ်စုံတရာ ပေးချေခြင်းမရှိဘဲ သိမ်းယူခဲ့သည်ဟု သိရသည်။ မြေယာများ သိမ်းယူပြီးနောက်ပိုင်းတွင် အဆိုပါမြေပေါ်ရှိ အပင်များကို ခုတ်ထွင်ရှင်းလင်းပြီး အပင်သစ်များ စိုက်ပျိုးခဲ့သည်ဟုလည်း သိရသည်။

'ကောင်းမှုကျေးရွာမှ ဦးသီရွှေက ဒီကောင်းမှုမှာတော့ လယ်စိုက်ခြံလုပ်ဖို့ ဆိုရင်တော့ စာရွက်စာတမ်းတွေ ဘာတွေ မလိုပါဘူး။ အသိမ်းခံလိုက်ရတဲ့မြေတွေ ပြန်ရဖို့ သက်ဆိုင်ရာကို စာတင်ထားပါတယ်။ အုပ်ချုပ်ရေးမှူးက ဘာမှ ဖြေရှင်းမပေးဘူး။ မြို့နယ်ကိုသွားဖို့ပဲ ပြောနေတယ်။ ခရီးစရိတ်က တအားများတော့ မြို့နယ်ကို ခဏခဏ မသွားနိုင်ဘူး။ တစ်ခါသွားတွေ့ ပြီးတော့ အသနားခံစာ တင်ခဲ့တယ်။ ဘာမှ တော့ အကြောင်းမပြန်သေးဘူး'ဟု ပြောပြပါသည်။

'၂၀၀၅ မှာ အပင်စစိုက်တယ်။ ရာဘာ၊ သီဟိုဠ်၊ သရက်၊ ကွမ်းသီး၊ သံပုရာ၊ မင်းဂွတ် အစုံပါပဲ။ အပင်တိုင်းတော့ အသီးမသီးသေးဘူးပေါ့။ ဒါပေမယ့် (၁၁) နှစ်အတွင်းတော့ အကုန်သီးကြမှာ။ ၂၀၁၅ မေမှာ သူတို့ မြေသိမ်းလိုက်တယ်။ မြေသိမ်းတဲ့လူက ကိုထိန်ဝင်း၊ ဒီရွာသားပဲ။ သူလာတုန်းကတော့ တစ်ယောက်တည်းပဲ။ သူက တစ်ယောက်တည်း လာပြီးတော့ ဒီနေရာက သူ့ဘိုးဘွားပိုင်မြေလို့ ပြောတယ်။ ရွာဥက္ကဋ္ဌကို ပြောပေမယ့် ကျွန်မ အမှုရှုံးခဲ့တယ်။ ကျွန်မက ဆင်းရဲသားမို့လို့ ရှုံးရတာ။ ဆင်းရဲတဲ့ သူတွေက အကုန်ဆုံးရှုံးတာပဲ။ ကျွန်မတို့ဘဝက ဒီမြေပေါ်မှာ မှီခိုနေရတာ။ အခုမြေ အသိမ်းခံလိုက်ရတော့ ဒုက္ခရောက်တာပဲ။ ကျွန်မတို့မြေကို ပြန်ရချင်တယ်။ မြေပြန်ရဖို့ ဘာတွေ ဆက်လုပ်ရမယ်ဆိုတာလည်း မသိဘူး။ အမှုနိုင်ဖို့ဆိုရင် ငွေလိုတာပေါ့။ အခုအခြေအနေနဲ့တော့ ကျွန်မတို့မြေကို ပြန်ရဖို့ မမြင်ဘူး' ဟု ကောင်းမှုကျေးရွာသူ ဒေါ်မရီက ပြောပါသည်။

ကိုထိန်ဝင်းအနေဖြင့် မြေယာဧက (၂၀၀) ကျော်ကို သိမ်းယူခဲ့ကြောင်း သိရသည်။

▲ စာမျက်နှာ – ၆ မှ အဆက်

အသေးစိတ်အချက်အလက်များအတွက်

မြန်မာဘာသာအတွက် ဆက်သွယ်ရန် (ပြည်တွင်းသတင်းဌာနများ)

အမည် – နိုင်ဗျူဟာမွန်

ရာထူး – အချက်အလက်မှတ်တမ်းအဖွဲ့ ဦးဆောင်သူ၊ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

ဖုန်းနံပါတ် – ၀၉၂၅၅၈၀၃၂၇၄

Email - byuuhar@gmail.com

အင်္ဂလိပ်ဘာသာအတွက် ဆက်သွယ်ရန် (ပြည်တွင်းသတင်းဌာနများ)

အမည် – မင်းဗညားဦး

ရာထူး – အချက်အလက်မှတ်တမ်းအဖွဲ့ အဖွဲ့ဝင်၊ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

ဖုန်းနံပါတ် – +၉၅၉၇၈၈၈၇၁၉၉၂

Email - banya.willian@gmail.com

နိုင်ငံတကာသတင်းဌာနများနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များ ဆက်သွယ်ရန်

အမည် – နိုင်အဲမွန်

ရာထူး – လုပ်ငန်းအစီအစဉ်ဒါရိုက်တာ(Program Director)၊မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

ဖုန်းနံပါတ် – ၀၉၇၇၆၂၂၈၀၄၀

Email - info@rehmonnya.org

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ Website: www.rehmonnya.org

ကျိုက်မရောဒေသခံများက ကျောက်မီးသွေးကို ဆန့်ကျင်ကန့်ကွက်သော လှုပ်ရှားမှု ပြုလုပ်

▲ စာမျက်နှာ – ၁ မှ အဆက်

ဩဂုတ် ၂၊ ၂၀၁၆

၂၀၁၆ ခုနှစ် ဇူလိုင်လ (၁၈) ရက်နေ့တွင် ပျားတောင်ဒေသဖွံ့ဖြိုးရေးအသင်းနှင့် ဒေသခံလူငယ်များ ပူးပေါင်းပြီး ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်ပတ်သက်၍ ပြည်သူများ ပိုမိုသတိထားလာမိစေရန် စတစ်ကာနှင့်၊ နံရံကပ်စာများ ဖြန့်ဝေခြင်း လှုပ်ရှားမှုတစ်ခု ပြုလုပ်ခဲ့သည်။ စတစ်ကာများကို ကော့ပနော၊ ကော့ဒွန်း၊ ကွမ်းငန်း၊ ကဒုံစစ်၊ နိတုံနှင့် ပေါက်တော အစရှိသည့် ကျေးရွာ (၇)ရွာတွင် ဖြန့်ဝေခဲ့ခြင်း ဖြစ်သည်။

ပျားတောင်ဒေသ ဖွံ့ဖြိုးရေးအသင်း ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မဲဂရိုရွာသား နိုင်ရွှေဝင်းက 'ကျွန်တော်တို့ ဒီလှုပ်ရှားမှုကို လုပ်ရတဲ့ရည်ရွယ်ချက်ကတော့ ကျောက်မီးသွေးစက်ရုံကို ကျွန်တော်တို့ ကန့်ကွက်နေတယ်ဆိုတာကို ကုမ္ပဏီကို သိစေချင်လို့ပဲ။ ဒီစက်ရုံကို ကန့်ကွက်ဖို့ ကျွန်တော်တို့ အမြဲလှုပ်ရှားနေမှာပဲ'ဟု ပြောပြခဲ့သည်။

ဒေသခံများသည် အယုံလွယ်သူများမဟုတ်ကြောင်း၊ ကျောက်မီးသွေးစက်ရုံ ရပ်တန့်သွားစေရန်အတွက် နည်းမျိုးစုံသုံးကာ ဆန့်ကျင်ကန့်ကွက်သွားမည်ဖြစ်ကြောင်းကို စတစ်ကာနှင့် နံရံကပ်စာ လှုပ်ရှားမှုမှတဆင့် ကုမ္ပဏီနှင့် အစိုးရကို အသိပေးခဲ့သည်။ ကျောက်မီးသွေးစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ နောက်ဆက်တွဲအကျိုးဆက်ကို ပြည်သူများက ရိုးရှင်းစွာ နားလည်နိုင်စေရန် မြန်မာနှင့် ထိုင်းဘာသာတို့ဖြင့် ဖော်ပြထားသော စတစ်ကာနှင့် ဗီဒီယိုခွေများကို လူငယ်များက ဖြန့်ဝေခဲ့ကြသည်။

'ဒီကျောက်မီးသွေးစက်ရုံကိုပဲ ဦးဇင်းတို့က ကန့်ကွက်နေတာ။ နောက်ဆက်တွဲဆိုးကျိုးမရှိရင် ဘယ်သူကမှ မကန့်ကွက်ဘူး။ ဆိုးကျိုးတွေ အန္တရာယ်တွေ ဖြစ်လာမှာကို ဒီကလူတွေက စိုးရိမ်နေကြတယ်။ ဒီကျောက်မီးသွေးစက်ရုံရဲ့ အန္တရာယ်ကို ထုတ်ဖော်မပြောဘူးဆိုရင် ဒီဒေသကလူတွေက ဘာမှမသိဘူး။ ဒါကြောင့်မို့လို့ ဦးဇင်းတို့က စတစ်ကာကမ်ပိန်းကို လုပ်ရတာ' ဟု နိတုံမှ သံဃာတော်တစ်ပါးက မိန့်ကြားခဲ့ပါသည်။

'ကျွန်မတို့ဒေသနဲ့ ကျွန်မတို့ ပြည်သူတွေကို ဒီကျောက်မီးသွေးစက်ရုံရဲ့ အန္တရာယ်တွေ နောက်ပြီး ညစ်ညမ်းမှုကြောင့် ဖြစ်လာတဲ့ ရောဂါတွေကနေ ကာကွယ်ဖို့က အရေးကြီးဆုံးပဲ'ဟု ကော့ပနောကျေးရွာမှ သူနာပြုဆရာမဒေါ်မြင့်အေးက ပြောပါသည်။

မော်လမြိုင် ဘိလပ်မြေစက်ရုံ လိမိတက် (Mawlamyine Cement Limited – MCL) သည် Siam Cement Group နှင့် Pacific Link Cement Industrie တို့ ပူးပေါင်းတည်ထောင်ထားသော ကုမ္ပဏီတစ်ခုဖြစ်ပြီး မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ၂၀၁၆ နှစ်လယ်ပိုင်းတွင် ဖွင့်လှစ်ရန် ရည်မှန်းထားသော မော်လမြိုင်ဘိလပ်မြေစက်ရုံတွင် အမေရိကန်ဒေါ်လာသန်း (၄၀၀) ရင်းနှီးမြှုပ်နှံထားသည်။

> ကျွန်တော်တို့ ဒီလှုပ်ရှားမှုကို လုပ်ရတဲ့ရည်ရွယ်ချက်ကတော့ ကျောက်မီး သွေးစက်ရုံကို ကျွန်တော်တို့ ကန့်ကွက်နေတယ်ဆိုတာကို ကုမ္ပဏီကို သိစေချင်လို့ပဲ။ ဒီစက်ရုံကို ကန့်ကွက်ဖို့ ကျွန်တော်တို့ အမြဲလှုပ်ရှားနေမှာပဲ

အပြည်ပြည်ဆိုင်ရာ ကလေးလုပ်သား ပယောက်ရေးနေ့ ရေးမြို့နယ်တွင် ကျင်းပ

ဇွန် ၁၆၊ ၂၀၁၆

၂၀၁၆ ခုနှစ် ဇွန်လ (၁၅) ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ ကလေးလုပ်သားပယောက်ရေးနေ့ အခမ်းအနားများကို မွန်ပြည်နယ် ရေးမြို့နယ် ကန်နီနှင့် အံဒင်ကျေးရွာများတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားကို ကန်နီကျေးရွာတွင်နံနက် (၉) နာရီ၊ အံဒင်ကျေးရွာတွင် နေ့ခင်း (၂) နာရီ (၃၀) မိနစ်အချိန်၌ တစ်နေ့တည်းကျင်းပခဲ့ခြင်းဖြစ်သည်။ ကလေးလုပ်သားပယောက်ရေးနေ့အခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံလူငယ်အဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိဘများအပါအဝင် စုစုပေါင်းလူအင်အား (၇၅) ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားကို အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂ (International Labor Organization – ILO) နှင့် အခြားဒေသခံအဖွဲ့အစည်းတို့နှင့် ပူးပေါင်းပြီး စံပြမွန်လူမှုအဖွဲ့(Jeepyah Civil Society Development Organization – JCSDO) က ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးစွမ်းရည်မြှင့် အစီအစဉ်မှ မိအမွန်ဘလွယ်က'ဒီအခမ်းအနားကို လုပ်ရတဲ့ရည်ရွယ်ချက်ကတော့ ကလေးမိဘတွေကို ကလေးအခွင့်အရေးနဲ့ပတ်သက်ပြီး ပညာပေးဖို့၊ နောက်ပြီး ငယ်ငယ်ရွယ်ရွယ်မှာ အလုပ်လုပ်ရတဲ့ကလေးက ပညာရေးမှာ ဘယ်လိုထိခိုက်နိုင်တယ်ဆိုတာ မိဘတွေကြားမှာ သတိပြုမိဖို့ပဲဖြစ်ပါတယ်'ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောပြပါသည်။

'ဒီရွာတွေမှာ လာလုပ်ရတဲ့ အကြောင်းရင်းကတော့ (ILO) ရဲ့ စာရင်းဇယားတွေအရ ဒီရွာတွေမှာကလေးလုပ်သားအများဆုံး ရှိနေတဲ့အတွက်ကြောင့်ပဲ။ ကလေးတွေဟာ ဥယျာဉ်ခြံနဲ့ လယ်ကွင်းတွေမှာ ရာသီအလိုက် အလုပ်လုပ်နေကြရတယ်။ အံဒင်ကျေးရွာမှာဆို ကလေးတွေ အတော်များများကက ငါးဖမ်းလုပ်ငန်းမှာ လုပ်ကိုင်နေကြရတယ်'ဟု သူက ဆက်ပြောပါသည်။

စားဝတ်နေရေးမပြေလည်သော မိဘများကို ကူညီရန်အတွက် အသက် (၁၄) နှင့် (၁၇) နှစ်ကြားရှိ ကလေးငယ်အများစုသည် ကျောင်းထွက်၍ အလုပ်လုပ်ကိုင်နေကြရကြောင်း ILO က ဆိုပါသည်။ ILO အနေဖြင့် ရေးမြို့နယ်တွင် ကျေးရွာ (၆) ရွာကို အဓိကထား လေ့လာခဲ့ပြီး အဆိုပါကျေးရွာများတွင် ကလေးမိဘများကို ကူညီခြင်း၊ ကလေးပညာရေးကို ထောက်ပံ့ပေးခြင်းနှင့် ကလေးလုပ်သားပယောက်အောင် ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ခဲ့သည်။

အမျိုးသမီးစွမ်းရည်မြှင့်အစီအစဉ်က ILO ၏ စီမံကိန်းတွင် ပူးပေါင်းပါဝင်ခဲ့ပြီး ဆောင်ရွက်ခဲ့သော လုပ်ငန်းများ အောင်မြင်မှုရှိ မရှိ၊ အကျိုးထိရောက်မှုရှိမရှိကို စောင့်ကြည့်လေ့လာအကဲဖြတ်ခဲ့သည်။

ကလေးလုပ်သားမူဝါဒတွင် ကလေးအခွင့်အရေးအကြောင်း ဆွေးနွေးရာတွင် လူကုန်ကူးခံရသော ကလေးများနှင့် စက်ရုံများတွင် စေခိုင်းခြင်းခံနေရသော ကလေးများအကြောင်းကိုသာ ပြောဆိုဆွေးနွေးထားသည်။ မွန်ပြည်နယ်တွင် စက်ရုံတွင် အလုပ်လုပ်နေရသော ကလေးငယ်များ မရှိသော်လည်း လယ်ယာလုပ်ငန်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများတွင် အလုပ်လုပ်နေရသော ကလေးငယ်များစွာရှိသည်။ ထို့ကြောင့် အဆိုပါကလေးလုပ်သားမူဝါဒသည် မွန်ပြည်နယ်ရှိ ကလေးလုပ်သားများအတွက် ထိရောက်သောအကူအညီ မဖြစ်ချေ။

လွန်ခဲ့သော နှစ်များကလည်း အခြားကျေးရွာများတွင် ကလေးလုပ်သားပယောက်ရေးနေ့အခမ်းအနားများ ကျင်းပခဲ့သည်။ ကလေးလုပ်သားပယောက်ရေးနေ့ အခမ်းအနားများ ဆက်တိုက်ကျင်းပခြင်းဖြင့် ပြည်သူများအကြား ကလေးလုပ်သားအကြောင်းသတိမူမိစေရန် လွန်စွာအရေးကြီးလှသည်။ ပထမဆုံးသောအပြည်ပြည်ဆိုင်ရာ ကလေးလုပ်သားပယောက်ရေးနေ့အခမ်းအနားကို ၂၀၀၂ ခုနှစ်တွင် ILO က ကျင်းပခဲ့သည်။

ကလေးလုပ်သားအကြောင်း သတိမူမိစေရန် ကလေးလုပ်သားပယောက်ရေးနေ့အခမ်းအနားများကို တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ဇွန်လ (၁၂) နေ့တွင် နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ရှိကြသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်းကထုတ်ဝေသော မွန်ပြည်နယ်အတွင်းရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆန်းစစ်ခြင်းအစီရင်ခံစာ အကျဉ်းချုပ်

အစီရင်ခံစာမိတ်ဆက်

ဤအစီရင်ခံစာတွင် မွန်ပြည်နယ်အတွင်းသို့ လတ်တလော ဝင်ရောက်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၏ အကျိုးသက်ရောက်မှုများ အကြောင်းကို တင်ပြသွားမည်ဖြစ်သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် ဖြစ်ပေါ်လာသော ပြဿနာများ အထူးသဖြင့် မြေယာအငြင်းပွားမှု၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်များအပေါ် အကျိုးသက်ရောက်မှု၊ ပွင့်လင်းမြင်သာမှု မရှိမှု၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများနှင့် လူအခွင့်အရေး ချိုးဖောက်မှုများ အကြောင်းကို ဖော်ပြသွားမည်ဖြစ်သည်။

အထက်ပါပြဿနာများကို အကောင်းဆုံးဖြေရှင်းနိုင်ရန်နှင့် စိန်ခေါ်မှုများကို အကောင်းဆုံးတုံ့ပြန်နိုင်ရန် အထောက်အကူဖြစ်စေမည့် ဖြေရှင်းနည်းများ၊ ပြုပြင်ပြောင်းလဲမှုများ၊ မူဝါဒများနှင့် အနာဂတ်လုပ်ငန်းစဉ်များကိုလည်း အကြံပြုတိုက်တွန်းသွားမည် ဖြစ်သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သော နောက်ခံသမိုင်း

သမ္မတ ဦးသိန်းစိန်အစိုးရက ၂၀၁၁ ခုနှစ်တွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းအတည်ပြုပြီးနောက် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၈) ဘီလီယံ ကျော်အထိ ရှိလာခဲ့သည်။

သို့သော် နိုင်ငံခြားကုမ္ပဏီများအနေဖြင့် အခြေခံအဆောက်အဦးများ ဖွံ့ဖြိုးတိုးတက်ရေးထက် တွင်းထွက်သယံဇာတ ထုတ်ယူရေးတွင်သာ ရင်းနှီးမြှုပ်နှံလိုကြပြီး လိုအပ်သော လျှပ်စစ်စွမ်းအင်အတွက် ကျောက်မီးသွေးကို အဓိကထား သုံးစွဲရန် ရည်ရွယ်ခဲ့သည်။

မွန်ပြည်နယ်ရှိ မြို့နယ် (၁၀) မြို့နယ်အနက် ရေးနှင့် ကျိုက်မရော မြို့နယ်များသည် တွင်းထွက်သယံဇာတ ထုတ်ယူသော ကုမ္ပဏီများ၏ အကျိုးသက်ရောက်မှုကို အများဆုံးခံစားရသော မြို့နယ်များဖြစ်သည်။

သမ္မတဦးသိန်းစိန်အစိုးရအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဆွဲဆောင်နိုင်ရန် လယ်ယာမြေဥပဒေများ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းဥပဒေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေများနှင့် သက်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများ ပြုလုပ်ခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကိုသာ တစ်ဖက်သတ်ဗဟိုပြုခဲ့သဖြင့် အစိုးရ၏ ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများသည် အင်အားကြီးရင်းနှီးမြှုပ်နှံသူများအတွက် ကြီးမားသော အထောက်အပံ့ ဖြစ်ခဲ့သော်လည်း တစ်နိုင်တပိုင်စိုက်ပျိုးလုပ်ကိုင်သူများနှင့် မိရိုးဖလာ လယ်ယာလုပ်ငန်း လုပ်ကိုင်နေသူများအတွက်မူ အန္တရာယ်ရှိသော ခြိမ်းခြောက်မှု ဖြစ်လာခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် တိုင်းပြည်အတွက် အပေါင်းလက္ခဏာဆောင်သော ပြောင်းလဲမှုတစ်ခုဖြစ်သော်လည်း အောက်ခြေပြည်သူလူထုများအနေဖြင့် ပြောင်းပြန်ရလဒ်ဖြစ်သော ပြောင်းလဲမှု၏ ဆိုးကျိုးများကိုလည်း ခံစားခဲ့ကြရသည်။

အစီရင်ခံစာပြုစုပုံ

မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် မွန်ဒေသအတွင်းရှိ ပြည်သူလူထုများ၏ သဘောထားဆန္ဒအမှန်ကို ထင်ဟပ်စေသော သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းကို ၁၉၉၅ ခုနှစ်ကတည်းက စတင်လုပ်ဆောင်ခဲ့ပြီး ယခုအစီရင်ခံစာကို (၂၁) ကြာလုပ်ဆောင်ခဲ့သော အတွေ့အကြုံများအပေါ်တွင် အခြေခံ၍ ပြုစုခဲ့ခြင်းဖြစ်သည်။

ဤအစီရင်ခံစာတွင်ပါရှိသော အချက်အလက်များကို ကောက်ခံစုဆောင်းခြင်းနှင့် သုတေသနပြုလုပ်ခြင်းများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ (၆) လအတွင်း မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် နယ်သတင်းထောက် (၄) ဦးကို အသုံးပြုခဲ့ပြီး ကျိုက်မရောနှင့် ရေးမြို့နယ်များတွင် အဓိကထား လေ့လာခဲ့သည်။ ၎င်းမြို့နယ်များသို့ (၆) လအတွင်း (၁၅) ကြိမ် သွားရောက်ပြီး အချက်အလက်များ ရယူစုဆောင်းခဲ့သည်။

မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်း တည်ထောင်ခဲ့သော ကာလတစ်လျှောက်လုံးတွင် စုဆောင်းသိမ်းခဲ့သော သတင်းအချက်အလက်များ၊ သက်သေခံများနှင့် ဓာတ်ပုံများကိုလည်း ဤအစီရင်ခံစာတွင် အသုံးပြုထားသည်။

အစီရင်ခံစာပြုစုနေစဉ်အတွင်း မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရသော်လည်း ဒေသခံရွာသူရွာသားများ၏ ဆုံးရှုံးနစ်နာမှုများနှင့်ပတ်သက်၍ နောင်တစ်ချိန်စည်ရုံးလှုံ့ဆော်ပညာပေးရာတွင် ဤအစီရင်ခံစာကို အသုံးပြုနိုင်ရန် ရည်ရွယ်ပြီး အချက်အလက်များကို အပြည့်စုံဆုံးနှင့် အမှန်ကန်ဆုံးဖြစ်စေရန် ကြိုးပမ်းထားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ

မွန်ပြည်နယ်တွင်လာရောက် ရင်းနှီးမြှုပ်နှံနေကြသည့် ထင်ရှားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများမှာ Siam Cement Group – SCG နှင့် Pacific Link Cement Industry တို့ ပူးပေါင်းတည်ထောင်ထားသော မော်လမြိုင်ဘိလပ်မြေလိမိတက် (Mawlamyine Cement Limited – MCL)၊ June Cement Industry Ltd၊ တိုယိုထိုင်းကုမ္ပဏီ(Toyo-Thai Corporation Public Company Limited – TTCL) နှင့် Aurum Company Limited တို့ဖြစ်ကြသည်။

မော်လမြိုင်ဘိလပ်မြေလိမိတက်အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ထံတွင် ၂၀၁၃ ခုနှစ် မေလ (၇) ရက်နေ့တွင် မှတ်ပုံတင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၂.၄) ဘီလီယံ ရှိမည်ဖြစ်သည်။ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ ပျားတောင်ဒေသတွင် မော်လမြိုင်ဘိလပ်မြေစက်ရုံတည်ဆောက်ရန် ရင်းနှီးမြှုပ်နှံခဲ့ခြင်းဖြစ်သည်။

une Cement Industry Ltd သည် ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ဝင်ရောက်လာခဲ့ပြီး ကျိုက်မရောမြို့နယ် အတ္တရံမြစ်ကမ်းဘေးရှိ မြေကေ (၇၀၀) ကို ဘိလပ်မြေစက်ရုံတည်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် ဝယ်ယူခဲ့သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က June Cement Industry Ltd ကို ဘိလပ်မြေစက်ရုံတည်ဆောက်ရန်အတွက် ၂၀၁၅ ခုနှစ် မတ်လ (၂၅) ရက်နေ့တွင် ခွင့်ပြုချက်ချပေးခဲ့ပြီး အလုပ်သမားတန်းလျားများနှင့် ရုံးခန်းများကို ၂၀၁၆ မေလ နှောင်းပိုင်းတွင် စတင်ဆောက်လုပ်ခဲ့သည်။

တိုယိုထိုင်းကုမ္ပဏီသည် ၂၀၁၄ ခုနှစ် ဧပြီလ (၂၅) ရက်နေ့တွင် (၁၂၈၀) မီဂါဝပ် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို မွန်ပြည်နယ် ရေးမြို့နယ် အံဒင်ကျေးရွာအနီးတွင် တည်ဆောက်သွားမည်ဟု ပြောဆိုခဲ့သည်။ စီမံကိန်းအတွက် မြေကေ (၅၀၀) ကို အသုံးပြုသွားမည်ဖြစ်ပြီး ၂၀၁၇ တွင် စီမံကိန်းစတင်လုပ်ဆောင်မည် ဖြစ်ကြောင်း ခန့်မှန်းရသည်။ စုစုပေါင်း အမေရိကန်ဒေါ်လာ (၂.၈) ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

Aurum Company Limitedသည် လွန်ခဲ့သော ၂၀၁၄ ခုနှစ်ကတည်းက ကဗျာဝကမ်းခြေအပါအဝင် ရေးမြို့နယ် ခေါဇာအနီးရှိ ကမ်းခြေများတွင် အမေရိကန်ဒေါ်လာ (၁၂) ဘီလီယံတန်ကြေးရှိ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် စိတ်ဝင်စားခဲ့သည်။ ကုမ္ပဏီအနေဖြင့် ရေးမြို့နှင့် (၂၈.၂) ကီလိုမီတာ ကွာဝေးသော ကဗျာဝကမ်းခြေတွင် အပန်းဖြေစခန်းတစ်ခု တည်ဆောက်သွားမည် ဖြစ်ပြီး သဘာဝခရီးသွားလုပ်ငန်းဖော်ဆောင်ရန် ရည်ရွယ်ထားသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီအများစုသည် ပွင့်လင်းမြင်သာမှုအားနည်းပြီး ဒေသခံပြည်သူလူထု၏ သဘောထားဆန္ဒများကို အလေးထားခြင်းမရှိချေ။ တည်ဆဲဥပဒေများ၏ အားနည်းချက်နှင့် ဒေသခံပြည်သူတို့၏ ဗဟုသုတနှင့် အတွေ့အကြုံ နည်းပါးမှုအပေါ် အခွင့်ကောင်းယူ၍ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများကို ပြုလုပ်ခဲ့သည်။ ၎င်းအပြင် အစိုးရ အာဏာပိုင်များနှင့်ပူးပေါင်း၍ မလျော်သြဇာသုံးကာ လယ်ယာမြေမတရားရယူခြင်းအပါအဝင် လူအခွင့်အရေးချိုးဖောက်မှုများစွာကို ကျူးလွန်ခဲ့ကြသည်။

ချိုးဖောက်မှုများကို လေ့လာခြင်း

အဓိကချိုးဖောက်မှုမှာ မြေယာသိမ်းယူခြင်းနှင့် မတရားယူရခြင်းဖြစ်ပြီး အများဆုံးကြုံတွေ့ရသည့် ပြဿနာမှာ ပွင့်လင်းမြင်သာမှုမရှိသော ပြဿနာ ဖြစ်သည်။

ဇေကမ္ဘာကုမ္ပဏီ၊ June Industry Company နှင့် Pacific Link Company တို့၏ မြေယာသိမ်းယူမှု၊ မတရားရယူမှုများကို ကျိုက်မရောမြို့နယ်မှ ကျေးရွာ (၁၀) ရွာခန့်က ကြုံတွေ့ခဲ့ရသည်။ မြေယာကိစ္စနှင့်ပတ်သက်ပြီး လယ်သမားများနှင့် ဆွေးနွေးညှိနှိုင်းခဲ့စဉ်တွင်လည်း လွဲမှားသောနည်းလမ်းများကို အသုံးပြုခဲ့သည်။

မြေယာရယူရာတွင် လျော်ကြေးငွေများကို ကာလတန်ဖိုးအောက် များစွာနှိမ့်ချပြီး ပေးချေခဲ့သကဲ့သို့ မြေယာရယူမှုနှင့် ပတ်သက်၍လည်း ဒေသခံလယ်သမားများကို ကြိုတင်အသိပေးခြင်း၊ လွတ်လပ်စွာ သဘောထားရယူခြင်းများ မရှိခဲ့ချေ။ မြေယာရယူနိုင်ရန်

အတွက် ခြိမ်းခြောက်ခြင်းများ၊ သတင်းထိန်ချန်ခြင်းများ၊ သတင်းအမှား ထုတ်ပြန်ခြင်းများပင် ပြုလုပ်ခဲ့သည်။

လယ်ယာမြေအငြင်းပွားမှု ဆွေးနွေးရာတွင် နိုင်ငံတော်စီမံကိန်းအတွက် ဒေသခံလယ်သမားတို့၏ လယ်ယာမြေများကို ရယူခြင်းဖြစ်သည်ဟူသောအချက်ကို အများဆုံးအသုံးပြုခဲ့ပြီး လယ်သမားများအနေဖြင့် လယ်ယာမြေများကို မရောင်းချပါက အစိုးရက လာရောက်သိမ်းယူမည်ဖြစ်ကြောင်း၊ ထိုသို့သိမ်းယူခြင်း ခံရမည်ဆိုပါက လျော်ကြေးငွေ တစ်ပြားတစ်ချပ်မျှ ရရှိမည်မဟုတ်ကြောင်း ဒေသခံများကို ခြိမ်းခြောက်ခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီအများစုသည် ၎င်းတို့၏ စီမံကိန်းအကြောင်းကို ဒေသခံပြည်သူလူထုအား ကြိုတင်အသိပေးခြင်း၊ သဘောထားဆန္ဒတောင်းခံခြင်းများ မပြုလုပ်ခဲ့သည့်အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း (Environmental Impact Assessment – EIA) နှင့် လူမှုဝန်းကျင်ထိခိုက်မှုစစ်တမ်း (Social Impact Assessment – SIA) တို့ ကောက်ခံရာတွင်လည်း ပြည်သူများကို ပါဝင်ခွင့်မပေးချေ။

မော်လမြိုင်ဘိလပ်မြေလိမိတက်က ၎င်းတို့၏စက်ရုံတွင် ကျောက်မီးသွေးစွမ်းအင်သုံးစွဲမည့်အကြောင်းကို နောက်ဆုံးအချိန်အထိ လျှို့ဝှက်ထားသည်။ ကုမ္ပဏီက တူးဖော်နေသော တူးမြောင်းနှင့်ပတ်သက်၍လည်း ရွာသူရွာသားများကို အသိပေးဆွေးနွေးခြင်းမရှိသဖြင့် ၎င်းတို့၏ အခွင့်အရေးကို လေးစားခြင်းမရှိဟု ခံစားရကြောင်း ရွာသားများက ပြောပါသည်။ ဘိလပ်မြေစက်ရုံ၏ ဆောက်လုပ်ရေး လုပ်ငန်းခွင်အတွင်းသို့ လက်ကိုင်ဖုန်း(smartphone)များကို ယူဆောင်သွားခွင့် မရှိကြောင်း၊ ရိုးရိုးလက်ကိုင်ဖုန်းများကိုလည်း စက်ပိတ်ထားရန် စက်ရုံမန်နေဂျာက ညွှန်ကြားထားသောကြောင့် တစ်ခုခုဖုံးကွယ်ရန် ကြိုးစားနေသည်မှာ သေချာလျက်ရှိပြီး ကုမ္ပဏီက မည်သို့လည်ပတ်လုပ်ဆောင်နေသည်ကို အလုပ်သမားများနှင့် ဒေသခံပြည်သူများ သိရှိသွားမည်ကို မလိုလားကြောင်း ထင်ရှားလှသည်။

တိုယိုထိုင်းကုမ္ပဏီကလည်း ကျောက်မီးသွေးစီမံကိန်းအကြောင်း ထုတ်ဖော်ပြောဆိုခြင်းမရှိဘဲ ဒေသခံတို့၏မြေယာများကို တစ်ဖက်လှည့်ဖြင့် တိတ်တဆိတ် ဝယ်ယူခဲ့သည့်အပြင် ဒေသခံပြည်သူများ၏ ဆန္ဒလက်မှတ်များကိုလည်း လိမ်လည်ကောက်ခံခဲ့သည်။

အထက်ပါ မြေယာမတရားရယူခြင်းနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်းများအပြင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ကို ထိခိုက်စေမှု၊ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်လက်ရာများကို ထိခိုက်ပျက်စီးစေမှု၊ သဘာဝအရင်းအမြစ်နှင့် ရှားပါးမျိုးစိတ်များကို ထိခိုက်ပျက်စီးစေမှု၊ ဒေသခံပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းနှင့် ပိုင်ဆိုင်မှုများကို ထိခိုက်ပျက်စီးစေမှု၊ မလျော်သြဇာသုံးမှု၊ သတင်းအမှားများဖြန့်ဝေမှု၊ ဒေသခံများ၏ ယုံကြည်မှုကို လိမ်ညာရယူမှု၊ ကတိမတည်မှုစသည့် အခြားချိုးဖောက်မှု များစွာကိုလည်း ကျူးလွန်ခဲ့ကြသည်။

သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီအများစုမှာ ဒေသခံအလုပ်သမားများ၏ ပညာအရည်အချင်းနှင့် အတွေ့အကြုံ ဗဟုသုတများအပေါ် ယုံကြည်မှုမရှိသဖြင့် အခြားဒေသမှ အလုပ်သမားများကို ခေါ်ယူအသုံးပြုခဲ့ကြသည်။ ထို့ကြောင့် ဒေသခံအလုပ်သမားအများစုမှာ အလုပ်အကိုင်အခွင့်အလမ်းများ မရရှိခဲ့ကြချေ။

ဒေသခံအလုပ်သမားများကို ခန့်အပ်ရာတွင်လည်း လမ်းဖောက်ခြင်း၊ အဆောက်အဦးတည်ဆောက်ခြင်းစသည့် ခက်ခဲကြမ်းတမ်းသော လုပ်ငန်းခွင်များတွင်သာ ခန့်အပ်လုပ်ကိုင်စေသည်။ ဥပမာအားဖြင့် မော်လမြိုင်ဘိလပ်မြေစက်ရုံတွင် အလုပ်သမားအင်အား (၁၀၀၀) ခန့် ရှိသည့်အနက် (၂၀၀) ကျော်သာ ဒေသခံအလုပ်သမားများ ဖြစ်သည်။

ရွှေတူးဖော်နေသော ကုမ္ပဏီများနှင့်ပတ်သက်ပြီး ရွာသူရွာသားများ အဓိက ကြုံတွေ့နေရသောပြဿနာမှာ ကုမ္ပဏီက ရွှေတူးဖော်ပြီးနောက် ပျက်စီးသွားသော မြေနေရာများကို ပြန်လည်ပြုပြင်ပေးခြင်းမရှိဘဲ အပျက်အစီးအတိုင်း တာဝန်မဲ့ ပစ်ထားခဲ့ခြင်းဖြစ်သည်။ ချစ်လင်းမြိုင်ရွှေတူးဖော်ရေးကုမ္ပဏီကြောင့် ပတ်ဝန်းကျင်အနီးတစ်ဝိုက်ရှိ သစ်ပင်အမြောက်အမြား ဆုံးရှုံးခဲ့ရပြီး ၎င်းကုမ္ပဏီ၏ ရွှေတူးဖော်မှုကြောင့် ရေလမ်းကြောင်းပြောင်းလဲကာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများလည်း ဖြစ်ပေါ်နေကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း လမ်းခင်းကျောက် ထုတ်လုပ်လျက်ရှိသော ကုမ္ပဏီများအားလုံးက ကျောက်ထုတ်လုပ်မှုကြောင့် လုပ်ငန်းခွင်အနီးတဝိုက်ရှိ ရွာသူ၊ ရွာသားများက ကျောက်ထုတ်လုပ်ငန်းမှ ထွက်ပေါ်လာသော ဆူညံသံများကို နိစ္စဒုဝခံစားကြားသိနေရသည်။ ကျောက်ထုတ်စက်ရုံမှ ထွက်ရှိလာသော အညစ်အကြေးများကြောင့် အနီးအနားရှိမြစ်ချောင်းများ ပျက်စီးခဲ့ရသည့်အပြင် မြစ်ရေများအပေါ် မှီခိုစိုက်ပျိုးနေရသော လယ်ကွင်းများလည်း ပျက်စီးခဲ့ရသည်။ ကျေးရွာအများစုက သောက်သုံးရေကို မြစ်ချောင်းများက ရယူသုံးစွဲလျက်ရှိသဖြင့် မြစ်ချောင်းများ ပျက်စီးသည့်အခါ ရေပြတ်လပ်မှုပြဿနာလည်း ဖြစ်ပေါ်လာသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်အသစ်များ များပြားလာခြင်းကြောင့် သဘာဝအရင်းအမြစ် အမွေအနှစ်များ ပျက်စီးလာလျက်ရှိရာ သမိုင်းဝင်အထိမ်းအမှတ်များ၊ အနုသုခုမလက်ရာများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးပျောက်ကွယ်သွားမည်ကို ဒေသခံပြည်သူများက ပူပန်နေရသည်။

ဒိုင်းနမိုက်ဖောက်ခွဲခြင်းများကြောင့် မွန်ဘုရင်မကြီးရှင်စောပုတည်ထားကိုးကွယ်ခဲ့သော စေတီပုထိုးနှင့် ဗုဒ္ဓရုပ်ပွားတော်များ ကွဲအက်လာခဲ့ကြောင်း ကော့ဒွန်းရွာသူရွာသားများက ပြောဆိုပါသည်။ ကော့ဒွန်းရွာသားများ၏ပြောကြားချက်အရ မော်လမြိုင်ဘိလပ်မြေလိမိတက်က လုပ်ငန်းများကို စတင်လုပ်ကိုင်ခဲ့သည့် ၂၀၁၄ ခုနှစ်မှစ၍ စီမံကိန်းရေယာအနီးတစ်ဝိုက်ရှိ မဲဂရိုး၊ ကွမ်းငိုင်၊ ထွမ်းဂျအောက်၊ ထွမ်းပလောက်နှင့် ထွမ်းက အစရှိသည့် ထုံးကျောက်လိုဏ်ဂူများတွင် ခိုအောင်းနေသော ငါးမျိုးစိတ်များ တဖြည်းဖြည်းပျောက်ကွယ်သွားကြသည်။

ကွမ်းငိုင်ကျေးရွာသားများသည် ဟင်းသီးဟင်းရွက်များ၊ သဘာဝဆေးဖက်ဝင်အပင်များ၊ မြို၊ မျှစ်စသည့် အစားအစာများကို အနီးပတ်ဝန်းကျင်ရှိ ကွမ်းငိုင်တောင်တွင် ယခင်က လွယ်ကူစွာ ရှာဖွေစားသောက်နိုင်သော်လည်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ဝင်ရောက်လာပြီးနောက်ပိုင်း ၎င်းအစားအစာများမှာ ရှာပါးလာပြီး ရှာဖွေတွေ့ရှိရန် ခက်ခဲလာသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများက သဘာဝပတ်ဝန်းကျင်အပေါ်တွင်သာ အကျိုးသက်ရောက်သည်မဟုတ်ဘဲ သက်ဆိုင်ရာ လူမှုဝန်းကျင်နှင့် ယဉ်ကျေးမှုလေ့ထုံးတမ်းများအပေါ်တွင်ပါ ရိုက်ခတ်လေ့ရှိသည်။ လူဦးရေ ရောထွေးပေါင်းစပ်မှုများကြောင့် မူးယစ်ဆေးဝါး

သုံးစွဲမှုလည်း မြင့်တက်လာကြောင်း ရွာသားတစ်ချို့က ပြောပါသည်။ မော်လမြိုင်ဘိလပ်မြေစက်ရုံ၏ တရုတ်နိုင်ငံသားဝန်ထမ်းများက မူးယစ်ဆေးဝါးကိစ္စများတွင် ပါဝင်ပတ်သက်နေကြသည်။

မော်လမြိုင် ဘိလပ်မြေစက်ရုံ၏ (၅) ပိုင်ပတ်လည်အတွင်း လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်နေသောကြောင့် ဒေသခံ ရွာသူ ရွာသားများ၏ ကျန်းမာရေးအတွက် အန္တရာယ်များစွာရှိနေကြောင်း အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် တင်ပြခဲ့ကြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများသည် စီမံကိန်း ဧရိယာအတွင်းရှိ ဒေသခံပြည်သူများကိုသာမက အနီးအနားပတ်ဝန်းကျင်ရှိ ငါးဖမ်းလုပ်သားများကိုလည်း ထိခိုက်နစ်နာမှု ဖြစ်စေသည်။ ပင်လယ်ကူးသဘော်ကြီးများက မော်လမြိုင်ဘိလပ်မြေစက်ရုံသို့ တစ်နေ့လျှင် လေးငါးကြိမ်ခန့် ဝင်ထွက်သွားလာနေသဖြင့် မြစ်ထဲတွင် လှိုင်းဂယက်များဖြစ်ပေါ်ကာ ဒေသခံတို့၏ ငါးဖမ်းလှေငယ်များ နစ်မြှုပ်ခဲ့ရပြီး ငါးဖမ်းပိုက်များနှင့် စက်လှေအင်ဂျင်များ ဆုံးရှုံးခဲ့ရသည်။

မြစ်ချောင်းအတွင်းရှိ ငါးမျိုးစိတ်များနှင့်ပတ်သက်၍လည်း ဒေသခံငါးဖမ်းလုပ်သားများက စောဒကတက် ပြောဆိုခဲ့ပြီး ဘိလပ်မြေစက်ရုံ အမှန်တကယ်လည်ပတ်ပါက ဒေသတွင်းငါးမျိုးစိတ်များ လုံးဝပျောက်ကွယ်သွားမည်ကို စိုးရိမ်နေကြသည်။ ကဗျာဝကမ်းခြေဒေသအနီးတဝိုက်ရှိ ငါးဖမ်းလုပ်သား ရွာသူ၊ ရွာသားများကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းစတင်ပါက ငါးဖမ်းရွာများ ပြောင်းရွှေ့ပေးရမည်ဟု ကြားသိနေရသဖြင့် ၎င်းတို့၏ မိရိုးဖလာ အသက်မွေးဝမ်းကျောင်းအတွက် စိုးရိမ်ပူပန်နေကြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ဏီများအနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုများ အကြောင်းကို သေချာကျနစွာ သိရှိနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းနှင့် လူမှုဝန်းကျင်ထိခိုက်မှုစစ်တမ်းတို့ကို ကောက်ခံရမည်ဖြစ်သည်။ အချို့ကုမ္ဏီများက စစ်တမ်းကောက်ယူမှုများ ပြုလုပ်ခဲ့သော်လည်း အဆိုပါကောက်ယူမှုများတွင် လိမ်ညာဖုံးကွယ်မှုများ၊ အချက်အလက်ပြင်ဆင်မှုများရှိနေသည့်အပြင် ဒေသခံပြည်သူများကိုလည်း ပါဝင်ခွင့်မပြုသဖြင့် အဆိုပါစစ်တမ်းများကို အပြည့်အဝ ယုံကြည်ရန် မဖြစ်နိုင်ချေ။

အစီရင်ခံစာအနှစ်ချုပ်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများသည် မွန်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအကြားတွင် မတည်ငြိမ်မှုနှင့် မလုံခြုံမှုများ စွာကို ဖြစ်ပေါ်စေသည်။ ဒေသခံပြည်သူများအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ကြိုဆိုကြောင်း သိသာထင်ရှားနေသော်လည်း ၎င်းတို့အတွက် စိတ်သက်သာမှု အပြည့်အဝရရန်နှင့် ဆုံးရှုံးမှုများ မဖြစ်ပေါ်ရန် လိုအပ်လှသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ တစ်နေ့တခြား လုပ်ဆောင်လာသော်လည်း ဒေသခံပြည်သူများအတွက် ကူညီထောက်ပံ့မှုများကို ယနေ့တိုင် တွေ့ရှိရခြင်း မရှိသေးချေ။ ဒေသခံပြည်သူများမှာ လယ်ယာမဲ့၊ အလုပ်လက်မဲ့ ဖြစ်ခဲ့ကြရသည်။ ၎င်းတို့၏ အခွင့်အရေး အတွက် လုံလောက်သော အကာအကွယ်ပေးမှုမျိုးကို မရရှိကြသည့်အပြင် လယ်ယာမြေအခွင့်အရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အခွင့်အရေးများနှင့်ပတ်သက်၍လည်း ချိုးဖောက်မှုများစွာကို ခံစားနေရသည်။

ယခုအာဏာရလာသော အစိုးရသစ်အနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများနှင့်ပတ်သက်၍ မည်သို့သဘောထားမည်ကို ခန့်မှန်းရန် ခက်ခဲနေသေးသည်။ အစိုးရသစ်အနေဖြင့် တိုင်းရင်းသားပြည်သူများဘက်မှ ရပ်တည်ပေးမည်ဟု မျှော်လင့်ရသော်လည်း အမှန်တကယ်ဖြစ်လာခြင်းရှိမရှိကိုမူ အချိန်ကသာလျှင် အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။

လူ့အခွင့်အရေးချိုးဖောက်ခြင်းသည် မြန်မာနိုင်ငံအတွက် ထူးဆန်းသောပြဿနာတစ်ခု မဟုတ်သော်လည်း ဤအစီရင်ခံစာပါ အကြောင်းအရာ အချက်အလက်များကြောင့် အစိုးရသစ်အနေဖြင့် ချိုးဖောက်မှုများ တဖြည်းဖြည်းလျော့နည်းလာစေရန် လုပ်ဆောင်နိုင်မည်ဟု မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မျှော်လင့်ပါသည်။

အကြံပြုတိုက်တွန်းချက်များ

ပြည်ထောင်စုအစိုးရအနေဖြင့် ဒေသခံပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် တရားဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ရမည်ဖြစ်ပြီး မြေယာအငြင်းပွားမှုအတွက် တိကျသော လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းပေးရမည်။ မြေယာပြဿနာအတွက် ပွင့်လင်းမြင်သာသော တရားစီရင်ရေးစနစ်ကို ဖော်ဆောင်ပေးရမည်ဖြစ်ပြီး မြေယာသိမ်းယူခြင်းနှင့် မတရားရယူခြင်းတို့နှင့်ပတ်သက်၍ လုံးဝသည်းမခံသောမူဝါဒကို ချမှတ်ရမည်။

မွန်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံနေသူများအနေဖြင့် တာဝန်ယူတာဝန်ခံမှုအပြည့်ဖြင့် ကျင့်ဝတ်များကို လိုက်နာရန်၊ ပြည်သူလူထုထံမှ လွတ်လပ်သော သဘောဆန္ဒများကို ကြိုတင်ရယူရန်၊ လယ်ယာမြေနှင့် ဆုံးရှုံးမှုများအတွက် မျှတသော လျော်ကြေးငွေ ပေးချေရန် လိုအပ်သည်။ ၎င်းအပြင် လုပ်ဆောင်နေသော စီမံကိန်းအားလုံးနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိရမည့်အပြင် တည်ဆဲဥပဒေများ အားလုံးကို အပြည့်အဝလိုက်နာရမည်။

ဒေသဆိုင်ရာ အာဏာပိုင်များနှင့် အစိုးရဌာနဆိုင်ရာများ အနေဖြင့် အကျင့်ပျက်ခြစားမှုများနှင့် တရားမဝင်ပူးပေါင်းမှုများကို လုံးဝအဆုံးသတ်ရမည်ဖြစ်ပြီး စုံစမ်းစစ်ဆေးမှုများတွင် အပြည့်အဝ ပါဝင်ပူးပေါင်းရမည်။

အစိုးရ၊ ဒေသခံအာဏာပိုင်များ၊ နိုင်ငံရေးပါတီများနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် ဒေသခံပြည်သူများအတွက် စွမ်းရည်မြှင့်တင်မှုသင်တန်းများ ပြုလုပ်ပေးရမည်။ သဘာဝပတ်ဝန်းကျင်ကာကွယ်သော အသင်းအဖွဲ့များ တည်ထောင်ပြီး အငြင်းပွားမှုများကို ဖြေရှင်းရန်နှင့် သဘာဝပတ်ဝန်းကျင်အကြောင်းများ သိရှိရန် ပြည်သူလူထုကို ပညာပေးရမည် ဖြစ်သည်။

မွန်ပြည်နယ်အတွင်းရှိ ပြည်သူလူထုများအနေဖြင့် အငြင်းပွားမှုများနှင့်ပတ်သက်သော စုံစမ်းစစ်ဆေးမှုများတွင် ပူးပေါင်းပါဝင်ကူညီရန်နှင့် တိကျမှန်ကန်သော အချက်အလက်များကို ရိုးသားစွာ မျှဝေပေးအပ်ရန် လိုအပ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် ဒေသခံပြည်သူများနှင့် တောင်သူလယ်သမားတို့၏ အခွင့်အရေးများကို ကာကွယ်ပေးရန်အတွက် အစိုးရကို ဖိအားပေးတောင်းဆိုရမည့်အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ တာဝန်ယူတာဝန်ခံမှုများကိုလည်း မြှင့်တင်ပေးရမည်။

ဖြိုမှုကုမ်သရာ

ဇူလိုင် ၄၊ ၂၀၁၆

၁၉၉၆ မှ ၁၉၉၇ ခုနှစ်အတွင်းတနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်ရှိ ကျွဲသုံးညီမ၊ သဲချောင်း၊ အုန်းပင်ကွင်း၊ မင်းသားနှင့် အိန္ဒရာဇာ ကျေးရွာအုပ်စုများမှ မြေဇက (၈၁၁၆၈.၇၂) ဇကကို မောရဝတီရေတပ်က သိမ်းယူခဲ့သည်။

အဆိုပါမြေနေရာများကို တပ်ပိုင်မြေအဖြစ် သိမ်းယူလိုက်ကြောင်း ၂၀၁၁ ဖေဖော်ဝါရီလ (၁၈) ရက်နေ့တွင် မောရဝတီ ရေတပ်က သက်ဆိုင်ရာကျေးရွာသို့ စာပေးပို့ကာ ကြေညာချက်ထုတ်ပြန်ခဲ့သည်။ သို့သော် အဆိုပါကြေညာချက်ကို အစိုးရဌာနသို့ ပေးပို့ခြင်းမရှိဘဲ ကျေးရွာအုပ်စု (၅) ခုဆီသို့သာ ပေးပို့ခဲ့ခြင်းဖြစ်သည်။

မြေနေရာများကို သိမ်းယူပြီး ရွာသူရွာသားများအား အလုပ်လုပ်ခွင့် ပိတ်ပင်လိုက်ခြင်းကြောင့် အဆိုပါကျေးရွာအုပ်စုမှ ရွာသူရွာသားများသည် အခက်အခဲမျိုးစုံနှင့် ကြုံတွေ့ခဲ့ရသည်။

သိမ်းယူခဲ့သော မြေအများစုမှာ ဒေသခံရွာသူရွာသားများ၏ အသက်မွေးဝမ်းကျောင်းအတွက် အရေးပါသော ဥယျာဉ်ခြံမြေများ ဖြစ်သည်။ ဒေသခံများအနေဖြင့် သိမ်းယူထားသော မြေနေရာတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်းမပြုရန် ရေတပ်စခန်းက အမိန့်ထုတ်ပြန်ခဲ့သည်။ ဘိုးစဉ်ဘောင်ဆက် လုပ်ကိုင်လာခဲ့သော မိရိုးဖလာ စိုက်ပျိုးရေးလုပ်ငန်းကို ရေတပ်စခန်းက တားမြစ်ခဲ့သဖြင့် ရွာသူရွာသားများမှာ အသက်မွေးမှုပုံစံအသစ်များ ရှာဖွေရသည့် အတွက် အခက်အခဲပေါင်းစုံ ကြုံတွေ့လျက်ရှိသည်။

လူပေါင်းမြောက်များစွာ အလုပ်လက်မဲ့ ဖြစ်ခဲ့ရပြီးတစ်ချို့က နေရပ်ကိုစွန့်ခွာပြီး နယ်မြေသစ်ဆီသို့ ပြောင်းရွှေ့သွားကြသကဲ့သို့ တစ်ချို့က အိမ်နီးချင်းနိုင်ငံများတွင် သွားရောက်အလုပ် လုပ်ကိုင်ခဲ့ကြရသည်။ ရေတပ်စခန်း၏အာဏာနှင့် ခြိမ်းခြောက်မှုကို မကြောက်ရွံ့ဘဲ မိမိမြေယာပေါ်တွင် ဆက်လက်လုပ်ကိုင်နေသော ရွာသူရွာသားများလည်း ရှိသည်။

''ဘိုးဘေးဘီဘင်လက်ထက်ကတည်းက ဒီရွာမှာ နေလာခဲ့တာ။ ကျွန်တော်တို့မှာ စာရွက်စာတမ်းရှိတာဖြစ်ဖြစ် မရှိတာပဲဖြစ်ဖြစ် မိရိုးဖလာအခွင့်အရေးတွေ ကျွန်တော်တို့ဆီမှာ ရှိတယ်ဆိုတာကို သူတို့ကိုသိစေချင်တယ်။ တကယ်လို့ ကျွန်တော်တို့ မြေကို လာလုယူတာမျိုး ရှိမယ်ဆိုရင်တော့ ဘယ်လိုအဖွဲ့အစည်းပဲ ဖြစ်ဖြစ် ကျွန်တော်တို့ သည်းမခံနိုင်ပါဘူး။ ကျွန်တော်တို့မြေကို ဥပဒေဘောင်အတွင်းက အစွမ်းကုန်ကာကွယ်သွားမှာပဲ။ ဒီမှာ ကျွန်တော့်မြေတစ်ကွက်မှ မရှိပါဘူး။ ဒါပေမယ့် ဒီဒေသမှာ ကျွန်တော့် ဆွေမျိုးတွေ အများကြီးရှိတယ်။မြေမရှိဘဲ ကျွန်တော်တို့ အသက်မရှင်နိုင်ပါဘူး။ ကျွန်တော်တို့မြေကို လုယူမယ်ဆိုရင်တော့ ကျွန်တော်တို့ကို သူပုန်ဖြစ်အောင်လုပ်တာနဲ့ အတူတူပဲ''ဟု ဂန်းတောကျေးရွာမှ ဦးမောင်ဆွေက ပြောပါသည်။



▲ စာမျက်နှာ ၁၆ သို့

မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်း

မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်းကို ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွလှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူအခွင့်အရေး ရရှိရေးနှင့် စစ်မှန်သောငြိမ်းချမ်းရေး ပေါ်ပေါက်လာရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့်ထားရှိကာ ထူထောင်ခဲ့ခြင်းဖြစ်သည်။ မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော လူအခွင့်အရေးအဖွဲ့တဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ဝန်ထမ်းများ ဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ လူအခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသား လူအခွင့်အရေးအဖွဲ့တစ်ဖွဲ့အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျှက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာစေရန် လူအခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အစီရင်ခံစာများ ထုတ်ဝေခြင်းဖြင့် တွန်းအား ပေးလျှက်ရှိသည်။ မွန်လူထုအသံဟူသော လူအခွင့်အရေးစာစောင်ကို ပုံမှန်ထုတ်ဝေလျှက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ များကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျှက် ရှိသည်။

ပန်းတိုင်

နိုင်ငံသားအားလုံး လူအခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

ရည်ရွယ်ချက်

(၁) လူအခွင့်အရေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့သိရှိနိုင်စေရန်။
(၂) လူအခွင့်အရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုကို ပညာပေး လှုံ့ဆော်ရန်။
(၃) လူအခွင့်အရေးနှင့် ပတ်သက်သည့် လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

စာဖတ်သူမိတ်ဆွေများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း

ချစ်ခင်လေးစားအပ်ပါသော စာဖတ်သူမိတ်ဆွေများခင်ဗျား

မြန်မာနိုင်ငံ လူအခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ပြီး မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်းမှ လူအခွင့်အရေးစာစောင်ကို ထုတ်ဝေလျှက်ရှိသည်။ သတင်းအချက်အလက်များနှင့် ပတ်သက်ပြီး တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ် စိစစ်အတည်ပြုမှုများ ဆောင်ရွက်နေရသဖြင့် အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက စာဖတ်သူ မိတ်ဆွေများအနေဖြင့် နားလည်ပေးစေလိုကြောင်း မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်းမှ ပန်ကြားအပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်ဖြစ်စေ၊ စာစောင်များအား လက်ခံရယူ လိုလျှင်ဖြစ်စေ အောက်ပါလိပ်စာအတိုင်း လိပ်မူပြီး ပေးပို့တောင်းခံနိုင်ပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူအခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org
The official website of Human Rights Foundation of Monland
www.rehmonnya.org

Human Rights Foundation of Monland - Burma
P.O Box 35,
Sangkhlaburi Post Office, Kanchanaburi 71240,
Thailand.

ဖိနှိပ်မှုသံသရာ

▲ စာမျက်နှာ – ၁၄ မှ အဆက်

''နိုင်ငံရေးအခြေအနေ မတည်ငြိမ်ခဲ့တုန်းကဆိုရင် ကျွန်တော်တို့ဒေသကို သူပုန်ဒေသလို့သတ်မှတ်ထားတာ။ နောက်ပိုင်း လက်နက်ကိုင်အဖွဲ့တွေ မရှိတော့တဲ့အခါကျတော့ အမည်းရောင်နယ်မြေကနေ အဝါရောင်နယ်မြေ ဖြစ်လာတယ်။ ဒါပေမယ့် အဖြူရောင်နယ်မြေ တော့မဖြစ်သေးဘူး။ အခုအခြေအနေတွေက တည်ငြိမ်လာတော့မှ စစ်တပ်ကလာပြီးတော့ ဒီမြေတွေက သူတို့မြေတွေဆိုပြီး ပြောလာတယ်။ ကျွန်တော်တို့ ဘယ်လိုမှ လက်မခံနိုင်ဘူး။ မတည်မငြိမ်ဖြစ်ခဲ့တုန်းက ဒီကလူတွေအတွက် ဘာမှလုပ်မပေးခဲ့ဘူး။ အခုမှလာပြီး ဒီမြေကသူတို့မြေတွဲ့။ဒီကလူတွေ ဖိနှိပ်မှုအမျိုးမျိုးတွေကို ဘယ်လောက်အထိ ခံစားခဲ့ရလဲဆိုတာ သူတို့နားလည်လို့လား။ ဘယ်အဖွဲ့ပဲလာလာ ဒီကလူတွေကတော့ အမြဲအဖိနှိပ်ခံတွေပဲ။ ဒီမှာအရင်က လက်နက်ကိုင်အဖွဲ့တွေ တန်ခိုးထွားခဲ့တယ်။ (အဲတုန်းက ဘာမှ မပြောဘဲ) အခုအခြေအနေတွေ တည်ငြိမ်တော့မှ သူတို့ပိုင်တဲ့မြေဆိုပြီး လာပြောတယ်။ သူတို့ပြန်စဉ်းစားဖို့ကောင်းတယ်''ဟု ၎င်းက ဆက်ပြောပါသည်။

ဂန်းတောကျေးရွာတစ်ရွာတည်းတွင်ပင် လယ်မြေဧက (၃၀၀၀) ကျော်နှင့် ခြံမြေ (၃၄၇) ဧက အသိမ်းခံခဲ့ရသည်။ ကန်တောရွာမြေသိမ်းမှုနှင့်ပတ်သက်ပြီး ထားဝယ်မြို့ရှိ တနင်္သာရီတိုင်း ဝန်ကြီးချုပ်သို့ တစ်ကြိမ်သာ စာပေးပို့တင်ပြခဲ့ပြီး ၂၀၁၃ ခုနှစ် ဩဂုတ်လ (၁၁) ရက်နေ့တွင် ပေးပို့ခဲ့ခြင်းဖြစ်သည်။

ဂန်းတောရွာသားတစ်ဦးဖြစ်သူ ဦးဘမြိုင်က ''ဘိုးစဉ်ဘောင် ဆက်ကတည်းကွဒီမြေတွေနဲ့ စီးပွားရေးလုပ်ပြီး ရပ်တည်လာတာ။ စစ်အစိုးရလက်ထက်က ဖြစ်ခဲ့တဲ့မြေသိမ်းမှုကို ကျွန်တော်တို့ လက်မခံနိုင်ဘူး။ မွန်ပညာရှင်တစ်ယောက်ယောက်ကနေ ဒီပြဿနာကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ရင် ကျွန်တော်တို့ကျေးဇူးတင်မိမှာပဲ''ဟု ပြောဆိုခဲ့သည်။

''ကျွန်တော်တို့ အတော်လေးစိတ်ဆင်းရဲရတယ်။ ကျွန်တော့်မြေ (၅) ဧကလည်း အသိမ်းခံလိုက်ရတယ်။ ဒီမြေကိုပဲ အားကိုးပြီး လုပ်ကိုင်စားသောက်နေရတာ။ မြေအသိမ်းခံလိုက်ရပြီး ကတည်းက တစ်ရက်မှ စိတ်မချမ်းသာဘူး။ ကျန်းမာရေးမကောင်းတဲ့ သူဆိုရင် ဒီပြဿနာတွေကို မရင်ဆိုင်နိုင်ဘူး။ မစားနိုင်၊ မအိပ်နိုင်နဲ့ သေတောင် သေသွားနိုင်တယ်''ဟု ၎င်းက ဆက်ပြောပါသည်။

ယခုအခါတွင် မြို့နယ်များအသီးသီးတွင် လယ်ယာမြေမှတ်ပုံတင်ခြင်းလုပ်ငန်းကို လယ်ယာမြေဥပဒေအတိုင်း လုပ်ဆောင်ပေးလျက်ရှိသည်။ သို့သော် စစ်တပ်က သိမ်းယူထားသော လယ်မြေများနှင့် ပတ်သက်၍မူ မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်သွားမည်ကို မြေစာရင်းဦးစီးဌာနက တိကျသောအချက်အလက်များ ထုတ်ပြန်ပေးခြင်း မရှိသေးချေ။

၂၀၁၆ ဧပြီလ (၂၈) ရက်နေ့တွင် မြေသိမ်းယူခြင်းခံခဲ့ရသော ကျေးရွာအုပ်စုများမှ ရွာသူရွာသားများက ရေဖြူမြို့နယ် အောင်သာ တီခန်းမတွင် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ တနင်္သာရီတိုင်းဝန်ကြီးချုပ် ဒေါ်လဲ့လဲ့မော်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးကြည်လှိုင်၊ ဌာနဆိုင်ရာအရာရှိများနှင့် ကျေးရွာကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် ဝန်ကြီးချုပ် ဒေါ်လဲ့လဲ့မော်က လာမည့် (၆) လအတွင်း လျှပ်စစ်မီး၊ လမ်းတံတားများစသည့် ရွာသူရွာသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဖြစ်ပြီး မြေသိမ်းယူမှုပြဿနာများကိုလည်း ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်ပြီး အဖြေရှာသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။